မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၀၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ခန္တီးမြို့နယ်မှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း တက်ရောက်ကြည်ညို

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ခန္တီးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆင်သေကျောင်းဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ဇန်နဝါရီ ၁၃ ရက် နံနက် ၈ နာရီတွင် ခန္တီးမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၌ ကျင်းပသော ခန္တီးမြို့နယ်မှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ အခမ်းအနားသို့ ခန္တီးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ပြီး ခန္တီးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆင်သေကျောင်း ဆရာတော် ဘဒ္ဒန္တသူရိယထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးတို့က ဆင်သေကျောင်း ဆရာတော် ဘဒ္ဒန္တသူရိယထံ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ကေတိုးချဲ့ရင်း ပန်းတိုင်အထွက်နှုန်းများရရှိအောင်ဆောင်ရွက် မျိုးကောင်းမျိုးသန့်ပြောင်းလဲ၍ သွင်းအားစုများပံ့ပိုးပါက ဝမ်းစာဖူလုံရုံသာမက ပိုလျှံလာမည်

နေပြည်တော် ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. V.S Seshadri၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ခန္တီးမြို့ ကမ်းနားလမ်းရှိ ခန္တီးဆိပ်ကမ်းသို့ ရောက်ရှိပြီး ချင်းတွင်းမြစ်ရေလမ်းကြောင်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် သဲသောင်ဖြစ်ထွန်းမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များအား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

16-1 (02).pmd

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်)

ဒီမိုကရေစီနိုင်ငံတော်အဖြစ် ချီတက်ကြရာတွင်...

ယခုအခါ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းနေကြသည်။ ဒီမိုကရေစီစနစ်နှင့်အညီ ချီတက်နေကြပြီ။ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် မြို့ပြများတိုးတက်ဖို့လိုသည်။ မြို့ကြီးပြကြီးများ တိုးတက်ရန် သန့်ရှင်းသာယာလှပမှု၊ စည်းကမ်းရှိမှု စသော ဂုဏ်ဒြပ်များနှင့်ညီညွတ်ရန် လိုအပ်သည်။ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံအများစုကို လေ့လာကြည့်လျှင် မြို့ပြဖွံ့ဖြိုးရေးအတွက် အခြေခံလုပ်ဆောင်မှုအဖြစ် လူနေအိမ်ခြေများ နေရာချထားတည်ဆောက်မှုနှင့်အတူ သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်၊ လူသွားပလက်ဖောင်းလမ်းများ၊ မော်တော်ကားလမ်းများ၊ သစ်လွင်သောမော်တော်ကားများကို စည်းကမ်းတကျဖြစ်စေရန် သတ်မှတ်နေရာချထားလေ့ရှိကြသည်။ အထူးသဖြင့် ပလက်ဖောင်းစင်္ကြံ၊ မော်တော်ကားလမ်းနှင့် မော်တော်ကားများသည် သူ့နေရာနှင့်သူ စည်းကမ်းတကျဖြစ်နေစေရန် ဖော်ဆောင်ပေးထားသည်။

ပလက်ဖောင်းစင်္ကြံများသည် ခြေကျင်လျှောက်သူများသွားလာရန် လမ်းဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံ၏မြို့ပြဒေသ လူနေထူထပ်သောနေရာများ၊ ဈေးကြီးများရှိရာ နေရာများ၌မူ ပလက်ဖောင်းစင်္ကြံများပေါ်တွင် အချို့က ဈေးရောင်း၏။ အချို့က ပလက်ဖောင်းစင်္ကြံများပေါ်တွင် မီးစက်ကြီးများချထားကြပြန်၏။ အချို့ကမူ ပလက်ဖောင်းစင်္ကြံများပေါ်တွင် ကားများတက်ရပ်ထားကြသေး၏။ ထိုအခါ လမ်းသွားလမ်းလာ ခြေကျင်လျှောက်သူများမှာ လမ်းမပေါ်ဆင်းပြီး လမ်းလျှောက်ကြရသည်။

အမှန်တကယ်တော့ ပလက်ဖောင်းစင်္ကြံများပေါ်တွင် ဈေးများတက်ပြီးမရောင်းသင့်သလို မီးစက်ကြီးများလည်း မထားသင့်ပေ။ မီးစက်ကြီးများကြောင့် ပလက်ဖောင်းလမ်းသေးသေးလေးကို ပိတ်ဆို့သွားစေသည်။ ထို့အတူ ကားများလည်း ပလက်ဖောင်းစင်္ကြံများပေါ်တွင် တက်ပြီးမရပ်ထားသင့်ပါ။

တစ်ဖန် မြို့ပြများ၏ သန့်ရှင်းသာယာလှပမှုကို ဖန်တီးကြရာတွင် လမ်းများစည်းကမ်းတကျရှိရန်မှာလည်း အရေးကြီးပေသည်။ လမ်းများကိုအဓိကအသုံးပြုသူများမှာ မော်တော်ကားများနှင့် ခြေကျင်သွားလာကြသူများ၊ စက်ဘီး၊ ဆိုင်ကယ်၊ အနေးယာဉ်အသုံးပြုသူများပင်ဖြစ်၏။ လမ်းများပေါ်တွင် မောင်းနှင်သွားလာနေကြကုန်သော ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ်၊ အနေးယာဉ်၊ အမြန်ယာဉ် အလုံးစုံတို့သည် သတ်မှတ်ထားသော ယာဉ်စည်းကမ်းနှင့်အညီ မောင်းနှင်သွားလာကြရန်လိုအပ်သည်။ ထို့အတူ ခြေကျင်လျှောက်သူအားလုံးသည် ပလက်ဖောင်းပေါ်မှသာ လမ်းလျှောက်သင့်သလို လူကူးမျဉ်းကျားများအတွင်းမှသာ လမ်းဖြတ်ကူးသင့်သည်။

ထို့အတူ လမ်းကြီး၊ လမ်းငယ်အသွယ်သွယ်တို့၌ မော်တော်ယာဉ်များ စည်းကမ်းတကျ မောင်းနှင်သွားလာမှုမှာလည်း မြို့ပြ၏အလှကို တိုးစေပါသည်။ ယခုအခါ ယာဉ်အို၊ ယာဉ်ဟောင်းများ၏ နေရာတွင် ယာဉ်သစ်များအစားထိုးဝင်ရောက်လာပြီ ဖြစ်သည်။ ပြည်ပမှ ယာဉ်တင်သွင်းခွင့်များရရှိလာသည်နှင့်အမျှ ယာဉ်စီးရေမှာလည်း တိုးပွားလာပေသည်။ သို့သော် မော်တော်ကားများကို ကားပါကင်မဟုတ်သည့်နေရာများတွင် အချိန်ပြည့်စွာ ကျောက်ချရပ်ထားခြင်း၊ ကိုယ်ပိုင်ကားရပ်နားနေရာများ နည်းပါးခြင်းတို့ကြောင့် မြို့ပြ၏အလှကို ထိခိုက်စေနိုင်ပါသည်။ အမှန်စင်စစ် တိုးတက်သည့် နိုင်ငံအများအပြားတွင် မော်တော်ကားများကိုသိမ်းဆည်းရာ၌ အထပ်မြင့်တိုက်ကြီးများဖြင့် အထပ်လိုက်ကားပါကင်ထိုး၍လည်းကောင်း၊ ကားရပ်နားကွင်းများ သီးခြားထား၍လည်းကောင်း ရပ်နားခွင့်ပြုကြသည်ကို တွေ့ဖူးသည်။

မျက်မှောက်ကာလ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ ဦးတည်တက်လှမ်းနေချိန်တွင် တိုက်သစ်၊လမ်းသစ်၊ကားသစ်များသည် စည်းကမ်းစနစ်ကျနစွာဖြစ်ထွန်းတည်ရှိလာပြီး ပြည်သူများကလည်း စည်းကမ်းနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ကြမည်ဆိုပါလျှင် မြို့ပြများ၏အလှအပသည် ပို၍ပင်တိုးလာမည်ဟု မြန်မာ့အလင်းက ယုံကြည်မိပါသည်။ ။

ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်မှုနှင့်စက်မှုလုပ်ငန်းဝန်ကြီးနှင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၅

ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်မှုနှင့်စက်မှုလုပ်ငန်းဝန်ကြီး H.E. Mr. Yukio EDANO ခေါင်းဆောင်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီး H.E. Mr. Takashi SAITO ပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်၊ ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်စိုး၊ ဒေါ်ခိုင်ခိုင်နွယ်၊ ဦးအေးလွင်၊ ဦးမြင့်ဇော်၊ ဗဟိုအလုပ်အမှုဆောင်များပါဝင်သော အဖွဲ့တို့သည် ဇန်နဝါရီ ၁၂ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ ချက်ထရီယန်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်အစိုးရသစ်၏ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများဆိုင်ရာကိစ္စ၊ အသင်းချုပ်နှင့် ဂျပန်ကုန်သည်များအသင်း JICA နှင့် JETRO၊ JODC တို့ စီးပွားရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပူးပေါင်းဆောင်ရွက်နေသည့်ကိစ္စ၊ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံနိုင်သည့်ကဏ္ဍများ နည်းပညာဖလှယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ ဂျပန်၊ မြန်မာစီးပွားရေးဆိုင်ရာစင်တာတစ်ခု ပူးပေါင်းဖွင့်လှစ်နိုင်ရေး၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေး၊ ထားဝယ် ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် သီလဝါဆိပ်ကမ်းစီမံကိန်းများတွင် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ကုန်သည်/ စက်မှုအသင်းချုပ်)

ဓနုဖြူမြို့နယ်၌ ငါးရှဉ့်မျိုးစိုက်ထည့်

ဓနုဖြူ ဇန်နဝါရီ ၁၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်စေရန်နှင့် ငါးရှဉ့်ထုတ်လုပ်မှုတိုးတက်စေရန် ရည်ရွယ်၍ ငါးရှဉ့်မျိုးစိုက်ထည့်ပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၈ နာရီခွဲက ဓနုဖြူမြို့နယ် ရေတွင်းကုန်းကျေးရွာ ဦးသိန်းငွေ၏ စံပြပေါင်းစည်းလယ်ယာရှိ မွေးမြူရေးကန်တွင် ကျင်းပသည်။

အခမ်းအနားတွင် ဓနုဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းက ငါးရှဉ့်မျိုးစိုက်ထည့်ခြင်း၏ ရည်ရွယ်ချက်များ၊ ငါးရှဉ့်ကန်တူးဖော်ပုံများကို ရှင်းလင်းပြောကြားပြီး ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်၊ ဌာနဆိုင်ရာ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်များက ငါးရှဉ့်အသေးကောင်ရေ ၅၀၀၀ကို မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ဝိပဿနာတန်းမြင့် စာအောင်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဖန်ခါးကုန်းကျေးရွာအုပ်စု သုဒ္ဓဝိပဿနာဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယက ဆရာတော် အရှင်ဇဝန(မေတ္တာရှင်ရွှေပြည်သာ)ကြီးမှူး၍ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက (၁၃)ကြိမ်မြောက် ပခုက္ကူဝိပဿနာသင်တန်းကြီး၏ နာယက ကျေးဇူးရှင်ဆရာကြီး ဦးကြင်ရွှေအား ရည်စူးလျက်ဂုဏပူဇော်ပွဲနှင့် (၆)ကြိမ်မြောက် ဝိပဿနာတန်းမြင့် စာအောင်ဆုပေးပွဲအခမ်းအနားကိုအဆိုပါ ဓမ္မရိပ်သာ၌ကျင်းပရာ ဝိပဿနာတန်းမြင့် စာမေးပွဲတွင်ထူးချွန်စွာ ဖြေဆိုအောင်မြင်ပြီး အမှတ်အများဆုံးဖြင့် ပထမဆုရရှိခဲ့သော ဒေါ်မြင့်မြင့်စိန်အား ဆရာတော်က ဓမ္မမကစလွယ်နှင့် ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

မီးဖိုမီး အခြားမီး
သုံးပြီး သတိအမြဲရှိ

ဓမ္မာရုံနှင့်ချောင်းကူးတံတားများဖွင့်ပွဲ ဝါးခယ်မမြို့နယ်၌ကျင်းပ

ဝါးခယ်မ ဇန်နဝါရီ ၁၅

ရန်ကုန်မြို့နေ အလင်္ကာဝတ်ရည် စာပေဂီတအနုပညာမိသားစုက လှူဒါန်းသော အောင်မြင်ချမ်းသာ အလင်္ကာဝတ်ရည် ဓမ္မာရုံနှင့် ချောင်းကူးတံတားများဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ဝါးခယ်မမြို့နယ် ကလကျေးရွာ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အောင်မြင်ချမ်းသာ အလင်္ကာဝတ်ရည်ဓမ္မာရုံနှင့် တံတားများဖွင့်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးဝင်းကိုကို၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစောမြသိန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင် အလင်္ကာဝတ်ရည် ဦးမောင်မောင်အေးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အောင်မြင်ချမ်းသာ အလင်္ကာဝတ်ရည်ဓမ္မာရုံအတွက် ငွေကျပ်သိန်း ၂၀၀၊ ချောင်းကူးတံတားခြောက်စင်း ကုန်ကျငွေကျပ်သိန်း ၄၂၀ ကို လှူဒါန်းဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (၁၃၉)

အခြေခံမွေးမြူရေးနှင့် ကုသရေး သင်တန်းဖွင့်

အင်္ဂပူ ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်တွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျင်းပသော အခြေခံမွေးမြူရေးနှင့်ကုသရေး သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက်က အင်္ဂပူမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် အင်္ဂပူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးမောင်မောင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့်သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးရပ်ကွက်လုံးဆိုင်ရာ ဆွမ်းကြီးလောင်းပွဲတော် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးရပ်ကွက်လုံးဆိုင်ရာ (၆၇)ကြိမ်မြောက် ဆွမ်းကြီးလောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် ညနေ ၅ နာရီခွဲက ဗဟိုမဏ္ဍပ်မုခ်ဦးရှေ့၌ ကျင်းပသည်။

ပွဲတော်ကျင်းပ

ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယ ဥက္ကဋ္ဌ ဦးတင်အောင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုးမင်း၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန်၊ ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မာနှင့် ဦးမြင့်လွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲထွေးနှင့် ပွဲတော်ကျင်းပရေး ကော်မတီဝင်များက နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြသပိတ်ကံထူးရှင် အုန်းပင်လမ်း(အနောက်) ဆွမ်းကြီးလောင်းအဖွဲ့က ဦးဆောင်၍ အခမ်းအနားကို လှည့်လည်ခဲ့ကြောင်း သိရှိရသည်။ (၀၄၂)

မြဝတီရုပ်မြင်သံကြား

၁၆-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၂၀	၅။	ဓမ္မပူဇာတေး
၇:၂၅	၆။	မျိုးချစ်တပ်မတော်
၇:၃၀	၇။	မြန်မာ့ရှုခင်း
၇:၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၃။	ပညာပေးဇာတ်လမ်းတို

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၂	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	မျိုးချစ်တပ်မတော်
၄:၁၅	၆။	စိုက်ပျိုးသုတ
၄:၂၅	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၈။	အများအတွက်ကြက်ခြေနီ
၄:၅၀	၉။	**ကျေးဇူးတင်ပါတယ်မိန္ဒယ်ရယ်** (ဇာတ်လမ်းတို)
၅:၀၀	၁၀။	အားလုံးရဲ့တာဝန်
၅:၀၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၇၁)
၆:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၅။	သံစဉ်လမ်းကလင်းလက်ကြယ်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီချစ်သူဆီ** (အပိုင်း-၄၂)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ဒို့တာဝန်အရေးသုံးပါး
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	Talk Of The Town
	၂၃။	မေးမြန်းစူးစမ်း
	၂၄။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ကြီးချစ်** (အပိုင်း-၅)
	၂၆။	**Mini Series**

1 1/16/2012, 3:08 AM

◆ရှေ့ဖုံးမှ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဒေသတွင်းသာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် ကျောင်းတိုက်အတွင်း တည်ဆောက်ဆဲ နှစ်ထပ်ကျောင်းဆောင် အပြီးသတ်တည်ဆောက်မှုလုပ်ငန်းများအတွက် လှူဒါန်းမည့်အစီအစဉ်ကို ဆရာတော်ကြီးများအားလျှောက်ထား၍ ဒေသခံတောင်တန်းသာသနာပြုအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြို့မကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒပါလထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ကျောင်းတိုက်အတွင်း နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့အမှူးပြုသောဧည့်ပရိသတ်များက ခန္တီးမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၌ကျင်းပသော ခန္တီးမြို့နယ်မှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၅

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် အားကစားကွင်းသို့ ရောက်ရှိပြီး အားကစားကွင်းအနိမ့်ပိုင်းမြေနေရာ သဲဖို့လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ အုတ်တံတိုင်း ခြံစည်းရိုး ဆောင်ရွက်ပြီးစီးမှုနှင့် ဆိပ်ကြီးအနောက်ရပ်ကွက် တော်ဝင်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုလမ်းတစ်လျှောက်မြို့ရေပေးဝေရေးအတွက် ဂါလန် ၁၂၀၀ ဆံ့ အုတ်ရေကန်ဆောက်ရွက်နေမှုကိုလည်းကောင်း၊ မြို့နယ်ဆေးရုံကို လည်းကောင်း၊ ခနောင်တိုချောင်းကူး ကြိုးတံတား တည်ဆောက်မည့်နေရာကိုလည်းကောင်း၊ ဇေယျသုခဘုန်းတော်ကြီးကျောင်း အောင်သုခတရားရိပ်သာဆောက်လုပ်ပြီးစီးမှုကို လည်းကောင်း၊ အောင်မင်္ဂလာသောက်သုံးရေကန် တိုးချဲ့တူးဖော်မှု လုပ်ငန်းခွင်ကိုလည်းကောင်း၊ တွံတေးတူးမြောင်း (ဝ)မိုင်အနီး ဆိပ်ကြီးကျွန်းအငူထိန်းသိမ်းရေးလုပ်ငန်း၊ အလျား ပေ ၉၀ ကျောက်စီမြေထိန်းတမံ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* ကျောဖုံးမှ

ဒေါက်တာ ဂျီအိုရီဟစ်နက်စ်က မျိုးရိုးဗီဇ ပြောင်းလဲမှုကြောင့် ယခုလိုဖြစ်ပွားခြင်း ဖြစ်ကြောင်း မှတ်ချက်ချထားသည်ကို အဆိုပါ ပြည်နယ် အခြေစိုက်သတင်းဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ငါး၏အရွယ်အစားမှာ အရှည် ခုနစ်လက်မခွဲခန့်ရှိပြီး အဆိုပါ ငါးကို ငါးမျှားတံဖြင့် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ယခုအခါ အဆိုပါ ငါးကို ဆက်လက်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး သိပ္ပံပညာရှင်များက နျူကလီးယားစမ်းသပ်မှုများနှင့် ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများကြောင့် ယခုကဲ့သို့ ဇီဝပြောင်းလဲသွားခြင်းဖြစ်နိုင်ကြောင်း ခန့်မှန်းထားကြသည်။ **(အင်တာနက်)**

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Alain Juppe နှင့်အဖွဲ့ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဥရောပရေးရာဝန်ကြီး
ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၅

ပြင်သစ်နိုင်ငံခြားရေး ဝန်ကြီးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Alain Juppe နှင့်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU လိုက်ပါလျက် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်းရှိ ပြင်သစ်နိုင်ငံ ယဉ်ကျေးမှုဌာနသို့ သွားရောက်၍ ပြင်သစ်စာ သင်တန်းကျောင်း ဧည့်ကြိုခန်းမရှိ ပန်းချီ၊ ဓာတ်ပုံများ၊ စာကြည့်တိုက်အတွင်းရှိ စာအုပ်စာပေများ၊ e- Library နှင့် မြန်မာကျောင်းသား ကျောင်းသူများ ပြင်သစ်စာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

တွေ့ဆုံခဲ့

ထို့နောက် ယဉ်ကျေးမှုဌာန စာကြည့်တိုက် စာဖတ်ခန်း၌ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF)၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ) (DPM)၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ(RNDP)၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ(AMRDP)၊ ချင်းတိုးတက်ရေးပါတီ(CPP)၊ ချင်းအမျိုးသားပါတီ (CNP)နှင့် ကရင်ပြည်သူ့ပါတီ (KPP)တို့မှ တာဝန်ရှိသူတို့နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်လှကြည်၊ သမီး မအေးအေးမူမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ်သိန်း ၃၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ **(၃၂)ဖြာ လက္ခဏာ** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၈)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၄၁)
- ၈:၄၅ ရန်ကုန်မြင်ကွင်းကျယ် အထက(၃) အင်းစိန် နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ
- ၈:၅၅ ပေါင်းစုကာဆင်နွဲ အထက(၂)ဖျာပုံ၏ မြတ်ဆရာပူဇော်ပွဲ
- ၉:၁၅ The Excellent Yangon Expo 2012
- ၉:၂၀ စိန့်ဂျိုးဇက်(ဖ်)ကွန်ဗင့်နှင့် အထက (၈)ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ
- ၉:၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးများရဲ့အကြားအာရုံ)
- ၁၀:၀၀ ဖန်တီးသူ၏ပညာစွမ်းမှသည်… လှပသောဘဝများဆီသို့
- ၁၀:၂၀ Celebrity Choice (မင်းသွေး)
- ၁၀:၅၅ မြတ်ဆရာပူဇော်ပွဲ (ကနောင် အထက)
- ၁၁:၁၀ ရန်ကုန်မြင်ကွင်းကျယ်(Aung Gyi Group of Companies ၏ Family Day ကျင်းပပွဲအခမ်းအနား)
- ၁၁:၂၀ စာအုပ်ပြခန်း (စာရင်းသမားမျက်စိ)
- ၁၁:၃၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၆)
- ၁၂:၁၀ ဘဝထဲက ကဗျာ၊ ကဗျာထဲကဘဝ (ပျားနှင့်ယင်)
- ၁၂:၂၀ အထက(၃)မရမ်းကုန်း အာစရိယပူဇော်ပွဲ
- ၁၂:၃၀ ကျောက်ဆည်မြို့ရတနာသုံးပါး ပူဇော်ပွဲ
- ၁:၀၀ **(၃၂)ဖြာ လက္ခဏာ** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၄)ရပ်ကွက် သန္တာလမ်းမိသားစုရဲ့ (၆၄)ကြိမ်မြောက် လွတ်လပ်ရေးနေ့ပျော်ပွဲရွှင်ပွဲနှင့် (၁၁)ကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်
- ၂:၄၀ ဆိုင်ကယ်ချစ်သူများအတွက် Tokyo Yankee
- ၂:၅၀ ယဉ်တွဲသူတိုင်း ထိုက်ထိုက်တန်တန် လှစေဖို့
- ၃:၀၅ မြိတ်မြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
- ၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၈)
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၄၁)
- ၅:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၂၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၆)
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၉)
- ၇:၁၀ Life & Dance 10th Anniversary Dance Concert(Part-1)
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ ဗီဒီယိုပြခန်း
- ၈:၅၀ Sunday Talk (ရဲမှူးထွန်းထွန်းဝေ၊ မျိုးမြတ်သူ)
- ၉:၂၀ The Shop Around The Corner (Part-1)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၄၂)
- ၁၀:၁၅ အနုပညာမိုးကောင်းကင်
- ၁၀:၃၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၇)
- ၁၁:၁၀ Internationl Show Biz
- ၁၁:၂၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
- ၁၁:၃၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာဖက်ရှင်)
- ၁၂:၀၀ သီးနှံစိုက်ပျိုးအထွက်တိုး **"စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင်စိုက်ကြစို့"**
- ၁၂:၁၀ Shooting Location (ခင်ယုမေအိမ်)
- ၁၂:၃၀ နွေးထွေးသောမေတ္တာအိမ်ကလေး ခိုင်ခံ့၊ အောင်ခိုင်၊ ဝါဝါအောင် ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)
- ၁၂:၅၀ သုခရိပ်မြုံဂေဟာမှပွင့်လန်းနေသော ပန်းကလေးများ
- ၁:၁၅ နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ(ဒုတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
- ၁:၄၀ မိုးကုတ်မြို့မှရိုးရာ အစားအစာများနှင့် ဘားနတ်ဈေးသို့အလည်တစ်ခေါက်
- ၂:၂၅ **Barclays Premier League Wigan Vs Man City**
- ၄:၂၅ ရတနာရွှေသိုက်
- ၄:၃၅ ကလောဈေးနေ့
- ၄:၄၀ ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၅	Wigan -Man City	(ESPN) (MRTV-4)

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို သုံးခွမြို့နယ် သိုက်တူးကန်စံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းဦးက ထူးချွန်ပထမဆုရ အဋ္ဌမတန်းမှ မဆုဟောမာန်ဇင်အား ဆုချီးမြှင့်စဉ်။ (၀၂၈)

❒ *ကျောဖုံးမှ*

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့ မိမိအနေဖြင့် ယခုကဲ့သို့ မြို့မိမြို့ဖများ၊ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရသည်မှာ ခန္တီးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ရန်ပုံငွေများ ထူထောင်ပေးသွားရန်နှင့် အဆိုပါရန်ပုံငွေများကို စနစ်တကျထိန်းသိမ်း၍ သုံးစွဲမှုပြုရာတွင်လည်း ဒေသအတွက် အကျိုးဖြစ်စေမည့်လုပ်ငန်းများတွင် ထိထိရောက်ရောက် ပံ့ပိုးပေးသွားနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားလို၍ တွေ့ဆုံခြင်းဖြစ်ပါကြောင်း။

မိမိတို့၏ လာရောက်သည့်ခရီးစဉ်အတွင်း တွေ့ရှိမှုများအရသော်လည်းကောင်း၊ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၏ တင်ပြချက်များအရသော်လည်းကောင်း ဒေသတွင်း ဆောင်ရွက်လျက်ရှိသည့် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီမှုများ လိုအပ်လျက်ရှိသည်ကို တွေ့ရှိခဲ့ရပါကြောင်း။

ယခုကဲ့သို့ ပံ့ပိုးကူညီထောက်ပံ့ရာတွင် လုပ်ငန်းရပ်နှစ်မျိုးခွဲခြား၍ လှူဒါန်းပံ့ပိုးပေးသွားရန်ရှိပါကြောင်း၊ ပထမ အမျိုးအစားမှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် လှူဒါန်းခြင်း၊ ဆေးရုံများ ဆေးပဒေသာပင်စိုက်ထူခြင်း၊ နယ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများ နေထိုင်မှုကိစ္စအဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်း၊ ဒေသခံလူငယ်များကို ပြုစုပျိုးထောင်ပေးနေသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်သင်တန်းကျောင်းများအတွက် ပံ့ပိုးကူညီပေးခြင်းစသည့် ဘာသာရေး၊ လူမှုရေးလုပ်ငန်းများအတွက် ထောက်ပံ့ပေးအပ်ခြင်းများ ဖြစ်ပါကြောင်း။

မတည်ရန်ပုံငွေ

ဒုတိယအမျိုးအစားမှာ ရေရှည်ဆောင်ရွက်သွားရန် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းဖြစ်ပါကြောင်း။

ဤဒေသနေ ဆင်းရဲချို့တဲ့သူများ၏ ကလေးသူငယ်များ ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲရေး၊ စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးနှင့် ပညာထူးချွန်သော်လည်း အဆင့်မြင့်ပညာ ဆက်လက်သင်ယူရန် အခက်အခဲရှိသူများအတွက် ထောက်ပံ့ခြင်းစသည့်ပညာရေးဆိုင်ရာ ရေရှည်ဆောင်ရွက်မှုလုပ်ငန်းများ၊ အလားတူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပံ့ပိုးကူညီပေးနိုင်ရန် ဖြစ်ပါကြောင်း။

အကောင်အထည်ဖော်

ထို့ပြင် ယနေ့နိုင်ငံတော်က ဦးဆောင်ဦးရွက်ပြု၍ အကောင်အထည်ဖော်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေမည့် ကျေးလက်စီးပွားလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းအတွက် ထောက်ပံ့ပေးရန်ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် လုပ်ငန်းရှင်များက ငွေကျပ်သိန်း ၁၂၀၀ ကို မတည်ထူထောင်ပေးသွားမှာဖြစ်ပါကြောင်း။

အဆိုပါ ရန်ပုံငွေကို ရပ်မိရပ်ဖများထဲမှ ကော်မတီတစ်ရပ်ဖွဲ့စည်း၍ အနီးကပ် တာဝန်ယူ အကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ရန်ပုံငွေထိန်းသိမ်းမှုလုပ်ငန်းများ စနစ်ကျနမှုရှိစေရေးအတွက် ဥပဒေစည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်တတ်စေရန် ကူညီဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း။

ပါဝင်ဆောင်ရွက်

အဆိုပါ ရန်ပုံငွေမှလုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးရာတွင် နှစ်ရာခိုင်နှုန်းထက်မများသော အတိုးနှုန်းဖြင့် ချေးငှားပေးရန်ဖြစ်ကြောင်း၊ ရရှိသည့် အတိုးအညွန့်၏ ၅၀ ရာခိုင်နှုန်းကို ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများတွင် ပံ့ပိုးပေးသွားရန်ဖြစ်ကြောင်း၊ ကျန် ၅၀ ရာခိုင်နှုန်းကို ရန်ပုံငွေတိုးပွားရေးအတွက် အရင်းအဖြစ် ထပ်မံထည့်သွင်းသွားရန်ဖြစ်ကြောင်း၊ အခြားသောစိတ်ပါဝင်စားသူများလည်း ယခုထူထောင်သည့် ရန်ပုံငွေတွင် ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း။

သို့ဖြစ်၍ ယခုထူထောင်ပေးမည့် ရန်ပုံငွေရေရှည်ဆက်လက်တည်တံ့၍ ဒေသအတွက် ထိထိရောက်ရောက် အကျိုးပြုနိုင်စေရေးအတွက် သက်ဆိုင်သူများအားလုံးက စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်းဖြင့် အသေးစိတ်မှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မတည်ရန်ပုံငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် အရင်းမပျောက် မတည်ရန်ပုံငွေကျပ်သိန်း ၁၂၀၀ ကို ထူထောင်ပေးကြသည့် အလှူရှင်များ၏ ရန်ပုံငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မတည်ရန်ပုံငွေကို စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က လည်းကောင်း၊ လုပ်ငန်းရှင်များကလှူဒါန်းသည့် ရန်ပုံငွေကို မက်စ်မြန်မာကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အိုင်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်တို့ကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြို့မိမြို့ဖများဖြစ်ကြသော ဦးခင်မောင်ညွန့်၊ ဦးလှဖေနှင့် ဦးတင်လှတို့က လက်ခံကြသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌဦးကျော်ဝင်းက လုပ်ငန်းရှင်များကိုယ်စား ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်း ဝန်ထမ်းအဆောင်ပြုပြင်ရန်အတွက် ထောက်ပံ့ငွေ၊ ခန္တီးမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံနှင့် ကောင်းဟိန်တိုက်နယ်ဆေးရုံတို့အတွက် ဆေးပဒေသာပင်ပံ့ပိုးငွေ၊ ခန္တီးမြို့ ပေါမိုင်းဓမ္မာရုံအတွက် အလှူငွေ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း(ခန္တီး)နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ခန္တီး)တို့အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အရင်းမပျောက် မတည်ရန်ပုံငွေများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ခန္တီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းက မြို့မိမြို့ဖများကိုယ်စား နိုင်ငံတော်အကြီးအကဲ၏ ရည်မှန်းချက်ရှိရှိဖြင့် မတည်ရန်ပုံငွေများ ရရှိအောင် ဆောင်ရွက်ပေးခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ဒေသတွင်း ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဝိုင်းဝန်းအလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ရန်ပုံငွေပေးအပ်ပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

စစ်ရေးချုပ်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်(ကြည်း/ရေ/လေ) အငြိမ်းစားအရာရှိ၊ စစ်သည်၊ အရပ်သူ အရပ်သား ဝန်ထမ်းမိသားစုက ကွယ်လွန်သူများအားရည်စူး၍ ထာဝရအထွေထွေပဒေသာပင် အလှူငွေကျပ် နှစ်သိန်းကို ဗိုလ်မှူးကြီးရဲထွန်း(ငြိမ်း)က နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဆုချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၂၄) အခြေခံပညာမူလတန်း (လ-ခွဲ)ကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းကျင်က တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်အင်္ဂလိပ်စာ စွမ်းရည် ပထမဆုရ စတုတ္ထတန်းမှ မစန္ဒီကိုကိုကျော်အား ဆုချီးမြှင့်စဉ်။ (ဝဝ၁)

မြန်မာ့အလင်း **လူမှုစီးပွား သတင်းပဒေသာ** **လူမှုစီးပွား သတင်းပဒေသာ** **လူမှုစီးပွား သတင်းပဒေသာ**

ပြည်ပ ဆန်တင်ပို့မှု ယခုနှစ်ဆန်းပိုင်း ပြန်လည်ကောင်းမွန်လာ

ရန်ကုန် ဇန်နဝါရီ ၁၅

၂၀၁၁ ခုနှစ်အတွင်း ပြည်ပသို့ ဆန်တင်ပို့မှု ကျဆင်းခဲ့သော်လည်း ယခု ၂၀၁၂ နှစ်ဆန်းပိုင်းအတွင်း ပြန်လည်ကောင်းမွန်လာနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်အသင်းမှ သိရှိရသည်။

တင်ပို့

"ပို့တာက ဧည့်မထအမျိုးအစားပါ။ ပြီးခဲ့တဲ့ ၇ ရက်ကနေစတင်ပြီး သင်္ဘော်တင်လုပ်ငန်းတွေ ဆောင်ရွက်ပြီး တင်ပို့ပြီးစီးခဲ့တာပါ။ **(အပေါ်ပုံ)** အသင်းရဲ့ အလုပ်အမှုဆောင်တွေ စုပေါင်းပြီး တင်ပို့ခဲ့တာပါ။ စုစုပေါင်းတန်ချိန် တစ်သောင်းခွဲကို အာဖရိကသို့ တင်ပို့ဖြစ်ခဲ့တယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူက ပြောကြားသည်။

ပြောကြား

ဆက်လက်၍ အသင်းအနေဖြင့် ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ရုရှားနှင့် ဘင်္ဂလားဒေ့ရှ်တို့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်သွားမည်ဖြစ်ကာ နိုင်ငံတကာ ဆန်ဈေးနှုန်းများအတိုင်း တင်ပို့ရောင်းချနိုင်ရန် ဈေးကွက်ဝယ်လိုအားကို လေ့လာလျက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

လက်ရှိတွင် ကမ္ဘာ့ဆန်ဈေးကွက်ကို အိန္ဒိယမှ အများဆုံး ချုပ်ကိုင်လျက်ရှိပြီး လက်ရှိပေါက်ဈေးမှာ ပုံမှန် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ဝန်းကျင်အထိရှိနေကြောင်း သိရှိရသည်။ **(၁၅၀)**

မြဝတီ ကုန်သွယ်ရေးဇုန် ကုန်သွယ်မှု လုပ်ငန်းများ မြင့်တက်လာ

မြဝတီ ဇန်နဝါရီ ၁၅

မကြာသေးမီက မြန်မာနှင့် ထိုင်းနိုင်ငံ ညှိနှိုင်းမှုများ အပြန်အလှန်ပြုလုပ်ကာ ပြန်လည်ဖွင့်လှစ်ခဲ့သော မြဝတီကုန်သွယ်ရေးဇုန်၌ ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လျက်ရှိရာ ယခုရက်ပေါင်း ၄၀ ကြာကာလအတွင်း အမေရိကန်ဒေါ်လာ နှစ်သန်းခန့် ကုန်သွယ်မှုပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ဇန်နဝါရီ ၁၃ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် သိရှိရသည်။

လည်ပတ်

"ဇုန်ပြန်ဖွင့်လိုက်တဲ့အတွက် ကုန်စည်စီးဆင်းမှုတွေ ပြန်ပြီးလည်ပတ်လာပါပြီ။ ဈေးနှုန်းကတော့ လက်ရှိမှာ ပုံမှန်ပါပဲ။ ကုန်ပစ္စည်းတွေထဲမှာ အသီးအနှံတွေ၊ မျိုးစေ့တွေပါတယ်။ ဓာတ်မြေဩဇာနဲ့ ဘိလပ်မြေ၊ နောက်ပြီး လူသုံးကုန်တချို့ပါတယ်။ ပို့ကုန်ကတော့ ရေထွက်ပစ္စည်းတွေပေ့ါ။ ငါး၊ ပုစွန်၊ ကဏန်းနဲ့ ငါးရှဉ့်တို့အပြင် အခြေခံစားကုန်များဖြစ်တဲ့ ဆန်နဲ့ ပဲအချို့ကို ပို့ကြတယ်။ ပို့ကုန်/သွင်းကုန် လိုင်စင်လုပ်သူတွေလည်း တိုးလာပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက မြန်မာ့အလင်းသို့ ပြောပြသည်။

ဝန်ကြီးဌာန၏ တရားဝင်သတင်းထုတ်ပြန်ချက်များအရ ဒီဇင်ဘာ ၅ ရက်နေ့ ကုန်သွယ်ရေးဇုန် ပြန်လည်ဖွင့်လှစ်ပြီးချိန်မှ ယခုအချိန်အထိ သွင်းကုန်လိုင်စင်လျှောက် ထားခဲ့သည့်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆ သန်းရှိခဲ့ပြီး လက်ရှိအချိန်အထိ ပို့ကုန်သွင်းကုန်ပြုလုပ်သည့် တန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ နှစ်သန်းအထိရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ကုန်သွယ်ရေးဇုန်အား ၂၀၁၀ ခုနှစ်၌ သောင်ရင်းမြစ် မြေထိန်းနံရံတည်ဆောက်ခြင်းအတွက် ချစ်ကြည်ရေးတံတား ပိတ်ခဲ့ရာမှ ကုန်သွယ်ရေးဇုန်ကိုပိတ်ခဲ့ပြီး ယခုပြီးခဲ့သည့် ဒီဇင်ဘာ ၅ ရက်ကမှ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ (၁၅၀)

ဆေးပညာသတင်းဆန်းများ(၂၂)

ဒေါက်တာကံညွန့်

သိပ္ပံဆိုင်ရာ တိုးတက်မှုတွေကလည်း အံ့မခန်းအောင်ဖြစ်နေပါတယ်။ အခုလို သိပ္ပံဆိုင်ရာ တိုးတက်မှုတွေက ဆေးပညာတိုးတက်မှုတွေကို များစွာအထောက်အကူပြုနေပါတယ်။ Robot လို့ ခေါ်တဲ့စက်ရုပ်ကို ကွန်ပျူတာဂိမ်းဆော့သလို အသုံးပြုပြီး ခွဲစိတ်ခန်းမှာ အသုံးပြုနေခဲ့ကြတာတွေဟာ အားလုံးအသိပါ။ အခုတစ်ခါ လူတစ်ယောက်ရဲ့ ဆံပင်လေးချောင်းပေါင်းထားတာထက် အနည်းငယ်သေးတဲ့ Proteus Motor ခေါ်တဲ့ စက်ရုပ်ငယ်လေးတစ်ခုကို တီထွင်လိုက်ကြပြန်ပါပြီ။ ဒီစက်ရုပ်ကိုတော့ Australlia နိုင်ငံ မဲလ်ဘုန်းမြို့က သိပ္ပံပညာရှင်တွေက တီထွင်လိုက်ကြတာဖြစ်ပါတယ်။ ဒီစက်ကလေးကို သွေးကြောထဲ ထည့်သွင်းလိုက်ပြီး နဂိုစမ်းသပ်မှုတွေထဲက မရောက်နိုင်အောင် သေးငယ်တဲ့ သွေးကြောတွေထဲထိ ရောက်အောင်သွားပြီး ရောဂါရှာဖွေရေး၊ ကုသရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်တော့မှာဖြစ်ပါတယ်။

ဒီလိုပဲ ခွဲစိတ်ကုသမှုဆောင်ရွက်ရာမှာ အသုံးပြုတဲ့ Robot ကိုတီထွင်ရာမှာ အရှေ့တောင်အာရှနိုင်ငံများထဲက စင်ကာပူနိုင်ငံရဲ့အောင်မြင်မှုကလည်း အားတက်စရာသတင်းတစ်ခုပါ။ စင်ကာပူနိုင်ငံမှ သိပ္ပံပညာရှင်တွေက Endoscopic Surgey ခေါ်တဲ့ ဗိုက်ထဲမှာရှိတဲ့ရောဂါတွေကို ဗိုက်ပေါ်မှာ အမာရွတ်မထင်အောင် ကုသရာမှာ အသုံးပြုဖို့ စက်ရုပ်တစ်ခုကို တီထွင်နိုင်ခဲ့ပြီလို့ဆိုပါတယ်။ ဒီစက်ရုပ်ရဲ့ စွမ်းဆောင်နိုင်မှုကြောင့် ယခင် ရှစ်နာရီခန့်ကြာအောင် လုပ်ခဲ့ရတဲ့ Operation တွေကို ယခုအခါ ၁၇ မိနစ်နှင့်ပြီးအောင် ဆောင်ရွက်နိုင်တော့မယ်လို့ ဆိုပါတယ်။ စင်ကာပူက သိပ္ပံပညာရှင်တွေဟာ ဒီစက်ရုပ်ကို အောင်မြင်အောင် ခြောက်နှစ်ကြာကြိုးပမ်းအားထုတ်ပြီး ပြုလုပ်ခဲ့ရတာလို့သိရကြောင်းပါခင်ဗျာ။

သိပ္ပံပညာတိုးတက်လာမှုကြောင့် အောင်မြင်လာတဲ့ ဆေးကုသမှုတွေထဲမှာ နောက်ဖော်ပြလိုတဲ့ သတင်းကတော့ Artificial Heart (နှလုံးအတု) ပြုလုပ်နိုင်မှုပါပဲ။ Australlia နိုင်ငံ Sydney မြို့က သိပ္ပံပညာရှင်တွေက နဂိုက သူတို့ နှလုံးတုတစ်ခု တပ်ဆင်ပေးထားတဲ့ လူနာဟောင်းတစ်ဦးကို အခုအသစ်ထုတ်လုပ်လိုက်တဲ့ Rechargeable လုပ်နိုင်တဲ့ ပိုပြီးကောင်းမွန်တဲ့ နှလုံးတစ်ခုနှင့် အစားထိုးပေးခဲ့တာ အောင်မြင်မှုရခဲ့ပြီလို့ ဆိုပါတယ်။ ဒီနှလုံးကုသမှုကို လူနှလုံးအစစ်နှင့် အစားထိုးကုသရန် စောင့်ဆိုင်းနေကြတဲ့ နှလုံးရောဂါရှင်တွေကို တာရှည်စောင့်ဆိုင်းနိုင်အောင် ကုသပေးထားကြတာဖြစ်ပါတယ်။ ဒီလို Artificial Heart နှင့် ကုသပြီး လူ့နှလုံးအစစ်နှင့် အစားထိုးကုသဖို့ စောင့်ဆိုင်းနေကြတဲ့ နှလုံးရောဂါရှင်တွေဟာ အမေရိကန်၊ ကနေဒါနှင့် ဥရောပနိုင်ငံမှာ လူနာပေါင်း ၉၀၀ ကျော် ရှိနေပြီလို့ သိရပါတယ်။

ဆေးပညာသတင်းတွေကလည်း တစ်ခုနဲ့တစ်ခုဟာ ထိပ်တိုက်ရှိနေတာတွေရှိပါတယ်။ အူမကြီးကင်ဆာခေါ်တဲ့ Ca Colon ဟာ အမှတ်(၂) ဆီးချိုရောဂါရှင်တွေမှာ ပိုဖြစ်နိုင်တယ်လို့ လေ့လာချက်တစ်ခုက ဆိုပါတယ်။ Australlia နိုင်ငံ အနောက်ပိုင်းသုတေသီတွေရဲ့ လေ့လာချက်မှာ အသက် ၅၅နှစ်မှ ၈၄ နှစ်ရှိ လူများကို လေ့လာရာမှာ အမှတ်(၂) ဆီးချို အမျိုးအစားရှိသူတွေမှာ သာမန်လူတွေထက် Ca Colon နှစ်ဆ ပိုဖြစ်နိုင်ကြောင်း တွေ့ရှိရတယ်လို့ ဆိုပါတယ်။

နောက်လေ့လာချက်တစ်ခုမှာတော့ ဆီးချိုရောဂါရှင်တွေ သောက်သုံးရတဲ့ Metformin ဆေးဟာ Colon ကင်ဆာကို ကာကွယ်နိုင်တယ်လို့ ဆိုထားပြန်ပါတယ်။ နောက်လေ့လာချက်တစ်ခုမှာလည်း Metformin ဆေးဟာ Ca Breast ခေါ်တဲ့ ရင်သားကင်ဆာကို ကာကွယ်နိုင်ပြီး ရင်သားကင်ဆာကျိတ်ကိုလည်း သေးငယ်သွားစေနိုင်တယ်လို့ ဆိုပါတယ်။ Metformin ကို Aspirin ဆေးပြားနှင့် တွဲသောက်နေသူမှာ အူမကြီးနှင့် အဆုတ်ကင်ဆာတွေကို ကာကွယ်နိုင်တယ်ဆိုတာ အထူးတွေ့ရှိရပြီး ပိုသေချာအောင် ထပ်မံသုတေသနပြုလုပ်ကြပြီလို့ ဆိုပါတယ်။ Aspirin ဆေးပြားသောက်သုံးသူတွေဟာ အူမကြီးကင်ဆာကို ၃၅ ရာခိုင်နှုန်းခန့် လျော့ကျစေနိုင်တယ်လို့ ဆိုတာကိုတော့ ယခင်ကပဲ တွေ့ရှိထားပြီးဖြစ်ပါတယ်။ Aspirin နှင့် Metformin ဆေးနှစ်မျိုးစလုံးဟာ Inflammation ခေါ် ရောင်ရမ်းမှုလျော့ကျစေတဲ့ အာနိသင်ရှိတာကြောင့် ဒီကင်ဆာရောဂါတွေကို ကာကွယ်နိုင်တာလို့ ယူဆထားကြောင်းပါခင်ဗျာ။

နောက်ဝမ်းသာစရာ သတင်းတစ်ပုဒ်ဖော်ပြလိုပါတယ်။ ဒါကတော့ ပိုးသတ်ဆေး (Antibiotics) တွေကို ခုခံတွန်းလှန်နိုင်ကြတဲ့ Bacteria တွေရဲ့ ၉၀ ရာခိုင်နှုန်းကို သေစေနိုင်တဲ့ အစွမ်းထက်တဲ့ ပိုးသေဆေးကို ထုတ်လုပ်နိုင်တော့မယ်ဆိုတဲ့ သတင်းပါ။ ဒီပိုးသေဆေးကို ဘယ်ကထုတ်လုပ်နိုင်မယ်ဆိုတာ အံ့သြစရာပါ။ အိမ်တိုင်းမှာ မြင်တွေ့နိုင်တဲ့ ပိုးဟပ်နှင့် နံ့ကောင်တို့ရဲ့ ဦးနှောက်ကနေ ဖော်ထုတ်နိုင်ခဲ့ကြတာလို့ဆိုပါတယ်။ ဒါကို အင်္ဂလန်နိုင်ငံ Nottaingham ဆေးတက္ကသိုလ်မှ ဆေးပညာရှင်တွေက တွေ့ရှိခဲ့တာလို့ ဆိုပါတယ်။

၎င်းပိုးသေဆေးက Methicillin ဆိုတဲ့ အစွမ်းထက်တဲ့ ပိုးသေဆေးကိုခုခံနိုင်တဲ့ Staphylococcus ပိုးနှင့် Escheria Coli ပိုးတို့ကို သေစေနိုင်တာတွေ့ရကြောင်း တင်ပြလိုက်ရပါတယ်။

နောက်တင်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်က ယခင်က ခွဲစိတ်ခန်းမှာ နှစ်ရှည်လများ စမ်းသပ်ခဲ့ရတဲ့ မျိုးရိုးဗီဇနှင့်ဆိုင်တဲ့ ရောဂါတချို့ကို စမ်းသပ်တဲ့နေရာမှာ ရက်ပိုင်းအတွင်း သိရှိနိုင်တော့မယ်လို့ ဆိုပါတယ်။ အဲဒီလိုစမ်းသပ်တဲ့အခါ ရောဂါတစ်ခုခုကြောင့် Genetic Mutation ခေါ် ဗီဇပြောင်းလဲသွားနိုင်မှုကို ယခင်ကထက် လျင်မြန်စွာသိရှိနိုင်တော့မယ်လို့ ဆိုပါတယ်။ ၎င်းတို့ဟာ ဒီစမ်းသပ်ချက်မှာ genome တစ်ခုလုံးကို စမ်းသပ်သည့်အစား ၎င်းမှာပါဝင်တဲ့ exome ခေါ် protein အမျိုးအစား ၂၀၀၀၀ မှ ၂၅၀၀၀ ခန့်ရှိတဲ့ Protein Coding Gene တွေကိုသာ စမ်းသပ်ရင်း ယင်းသို့ လျင်မြန်စွာသိရှိနိုင်တာလို့ သိရပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ ဝါရှင်တန်ဆေးတက္ကသိုလ်မှ သုတေသီတို့က ရှာဖွေခဲ့တာလို့ သိရကြောင်းပါခင်ဗျာ။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ မီးလောင်သလို ဒဏ်ရာမျိုးကြောင့် အရေပြားအစားထိုးကုသမယ့်နေရာမှ ကိုယ်ခန္ဓာရဲ့ တခြားနေရာက အရေပြားကိုယူပြီး အစားထိုးကုသစရာမလိုတော့ဘဲ Bioprinter ခေါ်တဲ့ လေဆာရောင်ခြည်နဲ့ spray လုပ် ကုသနိုင်တော့မယ်ဆိုတဲ့ သတင်းပါပဲ။ ဒီတီထွင်မှုကို အမေရိကန်နိုင်ငံ North Carolina ပြည်နယ်က Wake Forest Institute for Regenerative Medicine ဌာနမှ ဆေးပညာရှင်တွေက တီထွင်နိုင်ခဲ့တာလို့ သိရပါတယ်။ ၎င်းတို့ဟာ လူနာရဲ့ Skin Cell ကို ခွဲစိတ်ခန်းမှာ မွေးယူပြီး Bioprinta စက်ထဲကိုထည့်ပြီး လေဆာရောင်ခြည်နဲ့မှုတ်ပြီး ကပ်လိုက်တာနဲ့ နဂိုအရေပြားနှင့် ထပ်တူဖြစ်တဲ့ အရေပြားသစ်ကို ထွင်နိုင်ခဲ့ကြတာဖြစ်တယ်။ အရေပြားကို ခွဲစိတ်ခန်းမှာ မွေးယူတာကလည်း လူတစ်ကိုယ်လုံးစာအတွက် ရှစ်ပတ်လောက်ပဲ ကြာနိုင်တယ်လို့ သိရကြောင်းပါခင်ဗျာ။

မျက်စိကိုကွယ်စေတတ်တဲ့ရောဂါတွေထဲမှာ Corneal Opactiy ခေါ်တဲ့ အပြင်တိမ်ရောဂါဟာ မျက်ကြည်လွှာ အစားထိုးကုသခြင်းနှင့်သာ မျက်စိအမြင် ပြန်ရနိုင်တဲ့ရောဂါဖြစ်ပါတယ်။ မျက်ကြည်လွှာ လှူဒါန်းသူတွေထက် အပြင်တိမ်ခံစားနေရသူတွေက များနေတာကြောင့် မျက်ကြည်လွှာ အစားထိုးကုသခံရဖို့ လူနာတွေက နှစ်နှင့်ချီပြီး စောင့်ဆိုင်းနေရပါတယ်။ ဒါကို ဖြေရှင်းနိုင်ဖို့ ဆွီဒင်နိုင်ငံနှင့် ကနေဒါနိုင်ငံမှ ဆေးပညာရှင်တို့က ပူးပေါင်းပြီး ကြိုးစားခဲ့ကြတာ ၁၀ နှစ်ကြာခဲ့ပြီး ယခုအခါ အောင်မြင်ခဲ့ပြီလို့ ဆိုပါတယ်။

၎င်းတို့ဟာ yeast ကရတဲ့ Collagen fibre ကို Chemical တစ်ခုနှင့် ရောဂါစပ်ပြီး လူရဲ့ Cornea အသွင်သဏ္ဍာန် ပုံလောင်းခွဲစိတ်ခန်းမှာ စမ်းသပ်ထုတ်လုပ်ခဲ့တာ အောင်မြင်ခဲ့ပြီလို့ ဆိုပါတယ်။ ဒါကို သူတို့အဆိုအရ Biosynthetic Cornea လို့ခေါ်ပါတယ်။ ဒီအတုပြုလုပ်ထားတဲ့ Cornea ကို လူတစ်ဦးမှာ တပ်ဆင်ကုသပေးလိုက်တဲ့အခါ အာရုံကြော သွေးကြောတွေကလည်း သဘာဝ Cornea အတိုင်း ဆက်စပ်သွားနိုင်တယ်လို့ ဆိုပါတယ်။ နောက်ပြီး လူသေတစ်ဦးဆီကယူပြီး ထည့်ကုရတဲ့ Cornea အစားထိုးမှုမျိုးမှာကြုံရတဲ့ Rejection ခေါ်တဲ့ ခွဲစိတ်မတည့်တဲ့ ဘေးထွက်ဆိုးကျိုးလည်း မဖြစ်နိုင်ဘူးလို့ သိရပါတယ်။ ဒီအောင်မြင်မှုကြောင့် မကြာခင်အတွင်းမှာ အပြင်တိမ်ရောဂါအတွက် ခွဲစိတ်ကုသဖို့ စောင့်ဆိုင်းနေကြတဲ့လူတွေအတွက် ကာလတာရှည်စောင့်ဆိုင်းစရာ လိုမှာမဟုတ်တော့ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဝမ်းသာစရာသတင်းတစ်ပုဒ်က အမျိုးသမီးတွေအတွက်ပါ။ တချို့အမျိုးသားတွေဟာ လိင်ဆက်ဆံတဲ့အခါ အကာအကွယ် (Condom) အသုံးပြုဖို့ ငြင်းဆန်တတ်ကြပါတယ်။ ဒီအခါမှာ အမျိုးသမီးတွေမှာ အကာအကွယ်မဲ့သလိုဖြစ်နေပါတယ်။ ဒီအဖြစ်က ကာကွယ်ဖို့ HIV, AIDS Virus ပိုးကို ကာကွယ်နိုင်မယ့် မိန်းမကိုယ်ထဲမှာထည့်ရတဲ့ Jelly တစ်မျိုးကို တီထွင်ဖော်ထုတ်နိုင်ခဲ့ပြီလို့ တောင်အာဖရိကနိုင်ငံမှာ AIDS ရောဂါ သုတေသနလုပ်ငန်းကို ဦးဆောင်ပြုလုပ်နေတဲ့ ပါမောက္ခတစ်ဦးက ပြောလိုက်ပါတယ်။ ဒီ Jelly ရဲ့ နာမည်ကတော့ AIDS ရောဂါမှာ အသုံးပြုတဲ့ဆေးတစ်မျိုးဖြစ်တဲ့ TENOFOVIR Jelly ဖြစ်ပါတယ်။ ဒီအောင်မြင်မှုကြောင့် အာဖရိကနိုင်ငံတွေက AIDS လူနာသစ်ဖြစ်လာမယ့် လူဦးရေ ၅ ဒသမ ၃ သန်းကို ကယ်တင်နိုင်ပြီး AIDS ရောဂါကြောင့် နှစ်စဉ်သေဆုံးရမယ့် လူဦးရေ ရှစ်သိန်းကိုလည်း အတော်အတန် ကယ်တင်နိုင်လိမ့်မယ်လို့ ပြောကြားကြောင်း တင်ပြလိုက်ရပါတယ်။ ။

မြန်မာ့အလင်း ဖောင်ပီတ်အားကစား ဖောင်ပီတ်အားကစား

ပရီမီယာလိဂ်ပွဲစဉ် ဆက်လက်ယှဉ်ပြိုင် အာဆင်နယ်တို့ အဝေးကွင်း၌ ရှုံးပွဲကြုံတွေ့

ဆွမ်ဆီးနှင့် အာဆင်နယ်တို့ပွဲတွင် ဆွမ်ဆီးမှ ဆင်ကလဲရားက ပယ်နယ်တီ ပြစ်ဒဏ်ဘောကို ဤသို့ ကန်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

လန်ဒန် ဇန်နဝါရီ ၁၅

ပရီမီယာလိဂ် ပွဲစဉ်(၂၁)ကို ဇန်နဝါရီ ၁၅ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဆွမ်ဆီးနှင့် အာဆင်နယ်တို့ပွဲတွင် အာဆင်နယ်ကနှစ်ဂိုး-သုံးဂိုးဖြင့် ရှုံးပွဲကြုံတွေ့ပြီး နယူးကာဆယ်နှင့် ကျူပီအာတို့ပွဲတွင် နယူးကာဆယ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

သွင်းယူပေး

ဆွမ်ဆီးကွင်း၌ ကစားရသော အာဆင်နယ်အသင်းသည် ပွဲအစ ၅ မိနစ်မှာပင် အာဆင်နယ်အတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ သို့သော် ဆွမ်ဆီးတို့က အိမ်ကွင်း၌ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၁၆ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ပြီး ဆင်ကလဲရား ကန်သွင်းယူခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီဖြစ်နေခဲ့သည်။ ပထမပိုင်းပွဲချိန်ပြီးသည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်းပွဲချိန် ၅၈ မိနစ်၌ ဆွမ်ဆီးမှ ဒိုင်ယာက ဂိုးသွင်းယူခဲ့သဖြင့် ဆွမ်ဆီးတို့ နှစ်ဂိုးရရှိနေခဲ့သည်။ သို့သော် အာဆင်နယ်တိုက်စစ်မှူး ဝေါကော့သ်က ပွဲချိန် ၆၉ မိနစ်၌ ချေပဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးစီသရေပွဲဖြစ်နေရာမှ မိနစ် ၇၀၌ ဆွမ်ဆီးအသင်းမှ ဂရာဟမ်က တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် ဆွမ်ဆီးတို့ သုံးဂိုး-နှစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။

အွန်နရီ၊ ဗန်ပါစီ၊ ဝေါကော့သ်နှင့် ရမ်ဆေးတို့က ဆွမ်ဆီးနောက်တန်းကို ထိုးဖောက်ဂိုးသွင်းသော်လည်း ဆွမ်ဆီးဂိုးသမား မိုက်ကယ်ဗွန်း ကာကွယ်ခဲ့သဖြင့် ထင်တိုင်းမပေါက်ခဲ့ချေ။ အာဆင်နယ်တို့ ပွဲချိန်ပြည့်သည်အထိ ချေပဂိုး မသွင်းနိုင်ခဲ့သဖြင့် သုံးဂိုး- နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

နိုင်ပွဲရရှိ

နယူးကာဆယ်နှင့် ကျူပီအာအသင်းတို့ပွဲတွင် နယူးကာဆယ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၃၇ မိနစ်၌ ဘတ်စ်က သွင်းယူပေးခဲ့သဖြင့် နယူးကာဆယ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ ရေးသားသည်

ရီးရဲမက်ဒရစ်တို့ အဝေးကွင်း၌ နိုင်ပွဲရ

မက်ဒရစ် ဇန်နဝါရီ ၁၅

စပိန်လာလီဂါပွဲစဉ်များကို ဇန်နဝါရီ ၁၅ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်က မာလော့ကာ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး လာလီဂါ တန်းစီဇယားကို ဆက်လက်ဦးဆောင်လျက်ရှိသည်။

အဖွင့်ဂိုး

ယခုပွဲ၌ အိမ်ရှင်မာလော့ကာတို့က ပွဲချိန် ၃၉ မိနစ်၌ အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းပွဲချိန်ပြီးသည်အထိ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်တို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၇၂ မိနစ်ရောက်မှသာ ဟီဂူအင်က ချေပဂိုး ပြန်သွင်းယူနိုင်ခဲ့သည်။

ရယူနိုင်

ချေပဂိုးရရှိသဖြင့် ရီးရဲမက်ဒရစ်တို့ကစားအားတက်ခဲ့ရာမှ ပွဲချိန် ၈၅ မိနစ်၌ ကာလီဂျွန်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး သုံးမှတ်အပြည့် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဆီဗီလာ	၀ - ၀	အက်စ်ပန်ညို
ဂရင်နာဒါ	၁ - ၂	ဗယ်လီကာနို
ဇာရာဂိုဇာ	၁ - ၁	ဂီတာဖေး
ဗလင်စီယာ	၀ - ၁	ရီးရဲဆိုစီဒက်

(အင်တာနက်)

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပထမအကြိမ် ကျိုက္ကနာပညာရေးမိသားစု ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကို တူးချောင်းကျေးရွာ ဘောလုံးအားကစားကွင်း၌ ဇန်နဝါရီ ၁၂ ရက်က ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုရရှိသူ တံတားဦး အမကမှ မူလတန်းကျောင်းသား မောင်ထူးဇော်အား မြို့နယ်ပညာရေးမှူး ဦးမြသိန်းက ဂုဏ်ပြုဆုပေးအပ်စဉ်။ (၀၄၈)

ဇန်နဝါရီ ၁၄ ရက်က အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း လှိုင်မြို့နယ်၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင်းသဘင်အခမ်းအနားကို ကျင်းပရာ တတိယတန်း(ခ)မှ ပထမဆုနှင့် မြို့နယ်အဆင့် အင်္ဂလိပ်စာ တတိယဆုရရှိသော မောင်ထက်အာကာအား ဆရာမကြီး ဒေါ်သီတာမှန် ဆုချီးမြှင့်စဉ်။ (၁၂၂)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့

ပြည်မကြီးနှင့် ရခိုင်ပြည်နယ်ကို ဆက်သွယ်သည့် အဓိကဝင်ပေါက်လမ်းမကြီးများကောင်းမွန်ရေး ဆောက်လုပ်ရေးဝန်ကြီးဌာနအပြင် လုပ်ငန်းရှင်ကုမ္ပဏီများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၅

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် အမ်း-ပဒဲကြော-မအီ ကားလမ်းအား စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၁၉/၂)နှင့်(၁၉/၃) ကြားတွင် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းသားအမာခံ သိပ်သည်းမှုရရှိအောင် လမ်းကြိတ်စက်ဖြင့် အထပ်ထပ်ခင်းကြိတ်ပြီးမှ ကတ္တရာလောင်းရန်၊ကတ္တရာများ အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အမ်း-ပဒဲကြော-မအီ ကားလမ်း ဟင်းရွက်ကျေးရွာအနီး မိုင်တိုင်အမှတ် (၂၂/၆)နှင့် (၂၂/၇)ကြားတွင် ယခင်ဟင်းရွက်ချောင်း သစ်သားတံတားနေရာ၌ ကွန်ကရစ်တံတား အစားထိုး တည်ဆောက်နေမှု၊ မအီ-တောင်ကုတ် ကားလမ်းအပိုင်းအား စက်ယန္တရားများဖြင့်လမ်းချဲ့ခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တောင်ကုတ်မြို့အနီး မိုင်တိုင်အမှတ် (၂/၄)နှင့် (၁/၀) ကြားတွင် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် တည်ဆောက်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီးလမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၈)ရှင်းလင်းဆောင်သို့ရောက်ရှိသည်။

ရှင်းလင်းဆောင်တွင် ပြည်ထောင်စုဝန်ကြီးအား B.O.T စနစ်ဖြင့် လမ်းလုပ်ငန်းဆောင်ရွက်သည့် နေလသစ္စာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသန်းညွန့်က ပြည်-တောင်ကုတ် ကားလမ်း (၁၀၂)မိုင်နှင့် တောင်ကုတ်-သံတွဲ- ငပလီ-လုံးသာ-မဇင်းကားလမ်း (၅၆/၇)မိုင်တို့အားလမ်းလုပ်ငန်းဆောင်ရွက်မှု၊ကွန်ကရစ်တံတားငယ်များ တည်ဆောက်နေမှုနှင့် စက်ယာဉ်ယန္တရားများ အင်အားဖြည့်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်မကြီးနှင့် ရခိုင်ပြည်နယ်ကို ဆက်သွယ်သည့် အဓိကဝင်ပေါက် လမ်းမကြီးသုံးလမ်းဖြစ်သော မင်းဘူး-ပဒါန်း-အမ်း-စစ်တွေ ကားလမ်း၊ ပြည်-ပန်းတောင်း-တောင်ကုတ် ကားလမ်းနှင့် သံတွဲ-ဂွ-ငါးသိုင်းချောင်း လမ်းတို့ကို အထူးကောင်းမွန်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာနအပြင် B.O.T လုပ်ငန်းရှင်ကုမ္ပဏီများနှင့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သည့် လမ်းအပိုင်းများတွင်လည်း စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများကို ယခုပွင့်လင်းရာသီမှစ၍ တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သစ်သားတံတားများနေရာတွင် ကွန်ကရစ်တံတားများ အစားထိုး ဆောင်ရွက်နေသည့်အတွက် B.O.T လုပ်ငန်းရှင်ကုမ္ပဏီများကလည်း မိမိတို့တာဝန်ယူဆောင်ရွက်သည့် လမ်းအပိုင်းများကို တိုးတက်ကောင်းမွန်အောင် စေတနာထားဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ကုတ်-သံတွဲ-ငပလီ ကားလမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၃)က တာဝန်ယူဆောင်ရွက်သည့် တောင်ကုတ်-သံတွဲလမ်းပေါ်ရှိ ယခင်ဘေလီတံတားဟောင်းများအစား တံတားအမှတ် (၈/၁၃)ကမ်းဒေး တံတားအရှည်ပေ ၁၂၀ နှင့် တံတားအမှတ်(၁၂/၁၅) သက္ကယ်တံတား အရှည်ပေ ၁၂၀တို့၌ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု၊ တံတားအမှတ် (၂/၁၈) ရွာပကာတံတား အရှည် ပေ ၈၀၊ တံတားအမှတ် (၉/၁၈) သင်ပန်းရွှေတံတား အရှည်ပေ ၉၀၊ တံတားအမှတ် (၄/၂၄) ဟုန်းပေါက်တံတား အရှည်ပေ ၇၀၊ တံတားအမှတ် (၃/၃၄) ကွေ့ချောင်းတံတား အရှည်ပေ ၁၅၀ နှင့် ယခင်နှစ်တည်ဆောက်ပြီးစီးခဲ့သည့် တံတားအမှတ် (၅/၃၇) ဇင်ချောင်းတံတားအရှည်ပေ ၁၈၀ စုစုပေါင်း ကွန်ကရစ်တံတား တံတားခုနစ်စင်း တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် အမ်း-ပဒဲကြော-မအီကားလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

Sumitomo ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့(၁၈)ကျင်းယှဉ်ပြိုင်၊ ဆုများချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကြီးမှူး၍ Aung Hein Min Co.,Ltd. နှင့် Sumitomo Heavy Machinery က အဓိကကူညီပံ့ပိုးသော Sumitomo Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့(၁၈)ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်မွန်းလွဲပိုင်းတွင်မန္တလေးမြို့ရှိရေတံခွန်တောင်ဂေါက်ကလပ်၌ ကျင်းပပြီးစီးသည်။

ရှေးဦးစွာ Aung Hein Min Co.,Ltd.မှ Country Manager ဦးမင်းမင်းက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ Aung Hein Min Co.,Ltd.Chairman ဦးချစ်စံက Hole-In-One ဆုရရှိသော Senior Professional Golfer ဦးဝင်းကြည် (စုစုအေးအောင်ဆေး)အား ဆုကြေးငွေကျပ်ငါးသိန်းကို ပေးအပ်ချီးမြှင့်ပြီး Country Manager ဦးမင်းမင်းက အမျိုးသားအပျော်တမ်းပြိုင်ပွဲနှင့် Professional အဆင့်ပြိုင်ပွဲများ၌ နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က အမျိုးသားအပျော်တမ်းပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် တတိယရရှိသော လင်းသဲ၊ စုစုပေါင်းရိုက်ချက် ၂၈၉ ချက်ဖြင့် ဒုတိယရရှိသော နိုင်ရဲလင်းနှင့် စုစုပေါင်းရိုက်ချက် ၂၈၂ ချက်ဖြင့် ပထမရရှိသော မျိုးဝင်းအောင်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက Senior Professional အဆင့်ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၂၅ ချက်ဖြင့် တတိယရရှိသောဦးမြင့်သိန်း၊ စုစုပေါင်းရိုက်ချက် ၂၂၂ ချက်ဖြင့် ဒုတိယရရှိသော ဦးမြင့်သောင်းနှင့် စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့်ပထမရရှိသောဦးမြင့်ရွှေတို့အားလည်းကောင်းဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မန္တလေး မြို့တော်ဝန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးဖုန်းဇော်ဟန်က Professional အဆင့်ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၈၃ ချက် 5 Under ဖြင့် တတိယရရှိသောလှမျိုး (A.P.P.O)၊ စုစုပေါင်း ရိုက်ချက်၂၈၂ချက် 6 Under ဖြင့် ဒုတိယရရှိသော ဇော်ဇော်လတ် (SRIXON)၊ စုစုပေါင်းရိုက်ချက် ၂၇၉ ချက် 9 Under ဖြင့် ပထမရရှိသော စိုးကျော်နိုင် (SRIXON) **(အပေါ်ပုံ)**တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Aung Hein Min Co.,Ltd.Chairman ဦးချစ်စံက Senior Professional ပြိုင်ပွဲ၌ ပထမရရှိသော ဦးမြင့်ရွှေနှင့် Professional အဆင့်ပြိုင်ပွဲ၌ ပထမရရှိသော စိုးကျော်နိုင် (SRIXON) တို့အား ဆုကြေးငွေချက်လက်မှတ်များကို ပေးအပ်ချီးမြှင့်ရာ ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများကိုယ်စား Professional Golfer စိုးကျော်နိုင် (SRIXON) က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ချီးမြှင့်သော အမှတ်တရလက်ဆောင်ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က ပေးအပ်ရာ Aung Hein Min Co.,Ltd. မှ HR & Admin Manager ဦးမင်းသီဟက လက်ခံပြီး Aung Hein Min Co.,Ltd.က ချီးမြှင့်သော အမှတ်တရလက်ဆောင်ကို Country Manager ဦးမင်းမင်းက ပေးအပ်ရာ ရေတံခွန်တောင် ဂေါက်ကလပ် တာဝန်ခံအရာရှိ ဦးသန်းဇော်ထွန်းက လက်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေရိကန် ဆီနိတ်တာ Mr. Addison Mitchell Mc Connell ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

အမေရိကန်ပြည်ထောင်စု အမေရိကန် ဆီနိတ်တာ Mr. Addison Mitchell Mc Connell ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ထိုင်း-မြန်မာ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ် တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၅

ထိုင်းနိုင်ငံ Bonsomdejchaopraya Rajabhat University (BSRU) နှင့် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တို့ပူးပေါင်း၍ ဇန်နဝါရီ ၁၅ ရက်မှ ၂၄ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်သို့ တက်ရောက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဆရာမ ဒေါက်တာခိုင်ခိုင်သင်း လက်ထောက်ကထိက(မြန်မာစာ)၊ ဆရာမ ဒေါ်ဇင်ဝေဝေ နည်းပြ(ပန်းချီ)၊ မယမုံဖူး ဒုတိယနှစ်(ဂီတ)၊ မောင်ညဏ်လင်းအောင် ဒုတိယနှစ် (ဂုဏ်ထူးတန်း) (သဘင်)၊ မပြည့်ဖြိုးသူဝင်း ဒုတိယနှစ် (သဘင်)၊ မသဇင်နွယ် ဒုတိယနှစ်(ရုပ်ရှင်နှင့် ပြဇာတ်)၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်မျိုးသီဟကို တတိယနှစ် (ဂီတ)၊ မောင်ဝင်းကျော်ဦး ပထမနှစ် ဂုဏ်ထူးတန်း(ပန်းချီ)၊ မောင်ဖြိုးသူကျော် (ဂုဏ်ထူးတန်း)(ပန်းပု) နှင့် အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲမှ ဦးသိန်းကျော် (ကျွမ်းကျင်-၄)တို့ပါဝင်သောအဖွဲ့သည် ယနေ့နံနက် ၁၀နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ဦးကျော်ဦးနှင့်ဌာနမှူးပါမောက္ခများ၊ဆရာဆရာမများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နာဂရိုးရာ နှစ်သစ်ကူး

၂၀၁၂ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ တက်ရောက် လာကြသည့် ဒေသခံ တိုင်း ရင်း သား တိုင်း ရင်း သူများအား တွေ့ရစဉ်။

(သတင်း-ကျော)

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော်
၈ရက် (ဥပုသ်နေ့)
၁၆-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၀	၂။	သတ္တဌာန (ရတနာဦး- တေးရေး- ဒဂုန်ဆရာတင်)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချို့အေးမင်္ဂလာတေး
၇:၅၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀	၇။	တေးဂီတအစီအစဉ်
၈:၁၀	၈။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅	၉။	**ကင်ဆာရောဂါဆိုင်ရာ လေ့လာတွေ့ရှိချက်များ**
၈:၃၅	၁၀။	International News
၈:၄၀	၁၁။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	အကပဒေသာ
၄:၁၅	၃။	တေးဂီတအစီအစဉ်
၄:၃၀	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၄၀	၅။	**ဝက်သက်ရောဂါကာကွယ်ပါ**
၄:၅၀	၆။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅:၀၅	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၅:၁၅	၉။	မြန်မာစာ၊ မြန်မာစကား
၅:၃၅	၁၀။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၁၅	၁၂။	မိုးလေဝသအခြေအနေ
၆:၂၀	၁၃။	ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (ဒုတိယတွဲ) (အပိုင်း-၃၄)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	ကမ္ဘာကျော်သရုပ်ဆောင်များ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **မွေးစားသား** (အပိုင်း-၁၇)
	၂၀။	အိန္ဒိယရုပ်ရှင် **မော်ကွန်းတင်တဲ့ ပိန်းဓားစစ်သည်** (အပိုင်း-၃)

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၃၂) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၇ ရက်ကကျင်းပရာ တတိယတန်း(က)မှ ဆုရရှိသည့် မောင်ဇော်ဇော်မင်းအား ကျောင်းအုပ်ဆရာကြီး ဦးအောင်နိုင်ဦးက ဆုနှင့် ဂုဏ်ပြုမှတ်တမ်းချီးမြှင့်စဉ်။ (၁၆၄)

နိုင်ငံတကာသတင်းများ

အမေရိကန်နိုင်ငံရှိ ဗင်နီဇွဲလားကောင်စစ်ဝန်ရုံး သမ္မတချာဗက်ဇ်က ပိတ်ပစ်ရန်အမိန့်ပေး

ကရာကပ် ဇန်နဝါရီ ၁၅

ဗင်နီဇွဲလားကောင်စစ်ဝန်ချုပ် လစ်ဗီးယားအကော့စတာအား အမေရိကန်နိုင်ငံကနှင်ထုတ်ခြင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေးတင်းမာနေစဉ် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီမြို့ရှိ ဗင်နီဇွဲလားကောင်စစ်ဝန်ရုံးကို ပိတ်ပစ်ရန် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က အမိန့်ပေးလိုက်သည်။

ဗင်နီဇွဲလားကောင်စစ်ဝန်ချုပ် လစ်ဗီးယားအကော့စတာအား မတရားနှင်ထုတ်ခြင်းကြောင့် ဗင်နီဇွဲလားနိုင်ငံက အမေရိကန်နိုင်ငံ မီယာမီမြို့ရှိ ဗင်နီဇွဲလားကောင်စစ်ဝန်ရုံးကို ပိတ်ပစ်မည်ဟု သမ္မတချာဗက်ဇ်က ဇန်နဝါရီ ၁၃ ရက်၌ ဗင်နီဇွဲလားအမျိုးသားလွှတ်တော်တွင် ပြောကြားခဲ့သည်။

သို့သော် အမေရိကန်တို့ဆောင်ရွက်သကဲ့သို့ အမေရိကန်ကောင်စစ်ဝန်၊ သံတမန်တို့ကို မိမိတို့နိုင်ငံက နှင်ထုတ်မည်မဟုတ်ကြောင်း သမ္မတချာဗက်ဇ်က ပြောကြားသည်။ (အင်တာနက်)

တရုတ်ပြည်တောင်ပိုင်းဒေသများ မိုးသက်မုန်တိုင်းနှင့် နှင်းထူထပ်စွာကျဆင်းမည်

ပေကျင်း ဇန်နဝါရီ ၁၅

လာမည့် ၂၄ နာရီအတွင်းတွင် တရုတ်နိုင်ငံတောင်ပိုင်း၌ မိုးသက်မုန်တိုင်းများနှင့် နှင်းထူထပ်စွာကျဆင်းနိုင်ကြောင်း တရုတ်နိုင်ငံအမျိုးသားမိုးလေဝသဌာန (အင်န်အမ်စီ) က ဇန်နဝါရီ ၁၄ ရက်တွင် ခန့်မှန်းပြောကြားပြီး နွေဦးရာသီအပန်းဖြေအားလပ်ရက်အတွင်း ခရီးသွားလာသူများအတွက် သယ်ယူပို့ဆောင်ရေးကိုပါထိခိုက်နိုင်ကြောင်း သတိပေးနှိုးဆော်လိုက်သည်။ (အပေါ်ပုံ)

သတိပေးဖော်ပြ

ထိုအတောအတွင်း တောင်ပိုင်းတရုတ်ပြည်၏ မြောက်ဘက်ဒေသများ၊ ယန်စီမြစ်တောင်ဘက် ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း၊ အလယ်ပိုင်း အန်ဟွေးပြည်နယ်တွင် နှင်းများ ထူထပ်စွာကျဆင်းနိုင်ကြောင်း ဝက်ဘ်ဆိုက်တွင် သတိပေးဖော်ပြထားသည်။

ဟူနန်၊ ကွမ်တုံ၊ ကျန်စီနှင့် ဖူချန်ပြည်နယ်များတွင် မိုးမုန်တိုင်းများ ကျရောက်နိုင်ပြီး အချို့ဒေသများတွင် မိုးရေချိန် မီလီမီတာ ၆၀ အထိရှိမည်ဟု ဆိုသည်။

(အင်တာနက်)

မက္ကဆီကိုအကျဉ်းထောင်တစ်ခုတွင် မြေအောက်၌ ဥမင်လိုဏ် တူးဖော်ထားသည်ကို ထောက်လှမ်းရေးများတွေ့ရှိ

မက္ကဆီကို ဇန်နဝါရီ ၁၅

မက္ကဆီကိုနိုင်ငံ ချီဟူရာဟူရာမြို့ရှိ အကျဉ်းထောင်တစ်ခုတွင် ထောင်ဖောက်ပြေးရန် ရည်ရွယ်တူးဖော်ထားသည့် မြေအောက် ဥမင်လိုဏ်ခေါင်းကို စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့က ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

ပြောကြား

အရှည်မီတာ ၄၀ အထိရှိ ဥမင်လိုဏ်ကို အကျဉ်းထောင်အောက်မှ ဖောက်လုပ်ထားပြီး အပြင်သို့ရောက်ရှိရန် ၁၆ ပေခန့်သာလိုတော့ကြောင်း၊ ဥမင်လိုဏ်၏အကျယ်မှာ အချင်းလက်မ ၃၀ ရှိကြောင်း အစိုးရရှေ့နေတစ်ဦးဖြစ်သည့် ကားလို့စ်က ပြောကြားခဲ့သည်။

ဥမင်လိုဏ်ကို တူမကြီးတစ်လက်တည်းဖြင့် ဆောက်များအသုံးပြုကာ နှစ်နှစ်ခွဲခန့် အချိန်ယူဖောက်လုပ်ခဲ့ရမည်ဖြစ်ကြောင်း ကားလို့စ်ကပင် ပြောကြားခဲ့သည်။

အဆိုပါဥမင်လိုဏ်ခေါင်းအတွင်းသိမ်းဆည်းထုပ်ပိုးထားသည့် AK- 47 မောင်းပြန်ရိုင်ဖယ်တစ်လက်ကိုလည်း ထောက်လှမ်းရေးများ ရှာဖွေတွေ့ရှိခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ (အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ဂြိုဟ်တုအပိုင်းအစ တိုက်လုနီးပါးဖြစ်ခဲ့



ဟူစတန် ဇန်နဝါရီ ၁၅

နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် အာကာသအတွင်း အရှိန်ပြင်းစွာ လွင့်မျောနေသောဆက်သွယ်ရေးဂြိုဟ်တုဟောင်းတစ်ခုမှ အပိုင်းအစတစ်ခုတို့ တိုက်မိလုနီးပါးဖြစ်ခဲ့ရာ နိုင်ငံတကာ အာကာသယာဉ်စခန်းက ကြိုးစားရှောင်တိမ်းခဲ့ရကြောင်း နာဆာက ဇန်နဝါရီ၁၅ရက်၌ သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

နိုင်ငံတကာ အာကာသယာဉ်စခန်းတွင် အာကာသယာဉ်မှူးများ အလုပ်လုပ်နေကြစဉ် ဇန်နဝါရီ ၁၄ရက် နံနက် ၁၁နာရီ ၁၀မိနစ်ခန့်က အရွယ်အစား လေးလက်မခန့်ရှိသော ဆက်သွယ်ရေးဂြိုဟ်တုအပိုင်းအစတစ်ခု အရှိန်အဟုန်ပြင်းစွာ ဦးတည်လာနေသည်ကို တွေ့ရှိရသဖြင့် အာကာသယာဉ်မှူးများက နိုင်ငံတကာအာကာသယာဉ်ကို ရှောင်တိမ်းပေးခဲ့ရခြင်းဖြစ်သည်။

ထိုသို့ရှောင်တိမ်းခဲ့သဖြင့် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ၀ ဒသမ ၆ မိုင်ခန့်အကွာမှ ၎င်းအပိုင်းအစ ဖြတ်သန်းသွားခဲ့သည်။ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ယခုဇန်နဝါရီလအတွင်း လူလိုက်ပါခြင်းမရှိသည့် ရုရှားအာကာသကုန်တင်ယာဉ်တစ်စင်း ဆိုက်ရောက်ရန်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတကာအာကာသယာဉ်စခန်း၏ လက်ရှိတည်ရှိနေမှုအနေအထားကို အပေါ်ဘက်သို့ မြှင့်တင်မည်ဖြစ်ကြောင်း နာဆာကသတင်းထုတ်ပြန်သည်။ (အင်တာနက်)

ထိုင်း၌ ဆွီဒင်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူ အကြမ်းဖက်သမားတစ်ဦးဖမ်းဆီးမိ

စတော့ဟုမ်း ဇန်နဝါရီ ၁၅

ထိုင်းရဲတပ်ဖွဲ့ဝင်များက ဗန်ကောက်မြို့တွင် ဆွီဒင်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသည့် သံသယဖြစ်ဖွယ် အကြမ်းဖက်သမားတစ်ဦးအား ဖမ်းဆီးမိခဲ့ကြောင်း၊ ထိုင်းနိုင်ငံရှိ ဆွီဒင်သံရုံးကလည်း ၎င်းနိုင်ငံကူးလက်မှတ်မှာ အတုဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်ဟု ထိုင်းရဲတပ်ဖွဲ့က ဇန်နဝါရီ ၁၅ ရက်၌ သတင်းထုတ်ပြန်သည်။

ဆွီဒင်အရာရှိများက ၎င်း၏နိုင်ငံကူးလက်မှတ်ကို စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း၊ သို့သော် ယင်းအမျိုးသားမှာ အကြမ်းဖက်သမားဖြစ်နိုင်ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီး

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အမေရိကန်သံရုံးကို အကြမ်းဖက်တိုက်ခိုက်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားပြီးနောက် လက်ဘနွန်အကြမ်းဖက်သမားနှစ်ဦးကို မကြာသေးမီက စစ်ဆေးတွေ့ရှိကာ ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း၊ ယခုထပ်မံပြီး ဆွီဒင်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူ သံသယဖြစ်ဖွယ် အကြမ်းဖက်သမားတစ်ဦးအား ဖမ်းဆီးလိုက်ခြင်းဖြစ်သည်ဟု မီဒီယာများက ဖော်ပြသည်။

အတည်ပြုပြောကြား

ထိုင်းနိုင်ငံ၌ သံသယဖြစ်ဖွယ် အကြမ်းဖက်သမားအချို့ကို ဖမ်းဆီးမိကြောင်း ထိုင်းဝန်ကြီးချုပ် ရင်လပ်ရှင်နာဝါထရာက အတည်ပြုပြောကြားခဲ့သည်။ (အင်တာနက်)

တောင်ကိုရီးယားကမ်းလွန်၌ ရေနံတင်သင်္ဘောမီးလောင် သင်္ဘောသားငါးဦးသေဆုံး၊ ရှစ်ဦးပျောက်ဆုံး

ဆိုးလ် ဇန်နဝါရီ ၁၅

တောင်ကိုရီးယားနိုင်ငံ အင်ချွမ်းမြို့ ဆိပ်ကမ်းအနောက်မြောက်ပိုင်း ကမ်းလွန် ပင်လယ်ဝါရေပြင်အတွင်း တောင်ကိုရီးယားရေနံတင်ကုန်သင်္ဘောတစ်စင်း ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီ ၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ သင်္ဘောသားငါးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း တောင်ကိုရီးယား မီဒီယာများက ဖော်ပြသည်။

၎င်းရေနံတင်သင်္ဘောသည်အင်ချွမ်းမြို့ဆိပ်ကမ်းမှထွက်ခွာပြီး မကြာမီ ဂျာစိုလ်ကျွန်းမြောက်ဘက် သုံးမိုင်ခန့်အကွာရေပြင်အရောက်တွင် မတော်တဆ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။ (ယာပုံ)



ယင်းသင်္ဘောပေါ်တွင် သင်္ဘောသား ၁၆ ဦးလိုက်ပါလာခြင်းဖြစ်ပြီး ၎င်းသင်္ဘောသားများမှာ တောင်ကိုရီးယားနိုင်ငံသားငါးဦးနှင့် အခြားနိုင်ငံမှ သင်္ဘောသား ၁၁ ဦးတို့ဖြစ်ကြသည်။ သင်္ဘောသားသုံးဦးမှာ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားစဉ် ပွဲချင်းပြီးသေဆုံးခဲ့ခြင်းဖြစ်သည်။

သင်္ဘောသားငါးဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ရှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိရာ ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါသင်္ဘော မီးလောင်ပေါက်ကွဲမှု မည်သို့ဖြစ်ရသည်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

(အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ ၁၅-၁-၂၀၁၂

>> တင်မောင်လွင် - စုစည်းသည် <<

သဘာဝဓာတ်ငွေ့စက်ရုံ နည်းစနစ်ချွတ်ယွင်းမှုကြောင့် တူရကီနိုင်ငံ၌ ဓာတ်အားပြတ်တောက်

တူရကီနိုင်ငံအနောက်မြောက်ပိုင်း ဘူဆာပြည်နယ်ရှိ သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံ၌ ဇန်နဝါရီ ၁၄ ရက်က နည်းစနစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် နိုင်ငံ၏ အကြီးဆုံးမြို့ အစ္စတန်ဘူလ်နှင့် အခြားပြည်နယ်ခြောက်ခု၌ လျှပ်စစ်ဓာတ်အားများပြတ်တောက်ခဲ့ကြောင်း ဇန်နဝါရီ ၁၅ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ယင်းနေ့မွန်းလွဲပိုင်းက အစ္စတန်ဘူလ်မြို့၌ မြေအောက်ဥမင်လမ်းများနှင့် လျှပ်စစ်ဓာတ်အားသုံး ရထားများ ပြေးဆွဲမှုကို ရပ်နားထားခဲ့ရကြောင်း၊ လူဦးရေ ၁၇ သန်းခန့်ရှိသည့် ယင်းမြို့၏ လမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုများလည်းဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ အပူပေးစနစ်ပြတ်တောက်မှု၊ ဆီးနှင်းကျဆင်းမှုနှင့် မိုးရွာသွန်းမှုများဖြစ်ပေါ်မှုကြောင့် ယင်းမြို့ရှိ ဒေသခံများမှာ အအေးလွန်ကဲမှု ပိုမိုကြုံတွေ့ခဲ့ရသည်။ အဆိုပါ ပြတ်တောက်မှုသည် ဘူဆာမြို့ စက်မှုဇုန်ရှိ သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံ စက်ပစ္စည်းနည်းစနစ် ချွတ်ယွင်းမှုကြောင့်ဖြစ်သည်ဟု တူရကီအရေးပေါ်ဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။ ၎င်းနည်းစနစ်ပိုင်းဆိုင်ရာချွတ်ယွင်းမှုပြဿနာမှာ မကြာမီ ပြန်လည်ကောင်းမွန်တော့မည်ဟု မျှော်လင့်ထားကြောင်း အစ္စတန်ဘူမြို့နယ်အုပ်ချုပ်ရေးမှူး ဟူဆေးရင်အင်နီမူတေက ပြောကြားသည်။

တူနီးရှား၌ အကျဉ်းသား ၉၀၀၀ ခန့် လွတ်ငြိမ်းချမ်းသာခွင့်ပေး

တူနီးရှားတရားရေးရာဝန်ကြီးဌာနက နိုင်ငံအတွင်း အကျဉ်းသားများအား သက်ညှာသောအားဖြင့် သေဒဏ်စီရင်ချက်ချမှတ်ထားသည့် အကျဉ်းသား ၁၂၂ ဦးအား ထောင်ဒဏ်တစ်သက်တစ်ကျွန်းပြင်ဆင်ချမှတ်ပေးပြီး အခြားအကျဉ်းသား ၉၀၀၀ နီးပါးကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ကြောင်း အစိုးရသတင်းဌာန တီအေပီက ဇန်နဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တူနီးရှားနိုင်ငံ၏ ရှုပ်ထွေးမှုများ အဆုံးသတ်ခဲ့သည့် နိုင်ငံ၏နှစ်ပတ်လည် အထိမ်းအမှတ်အချိန်အခါသမယ၌ နိုင်ငံတော်က ယင်းအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ခြင်းဖြစ်သည်။ နာတာရှည်ရောဂါဝေဒနာများ ခံစားနေရသည့် အသက် ၂၀ အောက် လူငယ်များနှင့် အသက် ၆၀ ကျော် အကျဉ်းသားများကိုလည်း လွတ်ပေးခဲ့ကြောင်း၊ အခြားမိတ်ဆွေနိုင်ငံများမှ အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်း အဆိုပါသတင်းဌာနက ထပ်မံဖော်ပြသည်။

တရုတ်နိုင်ငံမြောက်ပိုင်း၌ မိုင်းတွင်းပေါက်ကွဲ

တရုတ်နိုင်ငံမြောက်ပိုင်းရှိ မိုင်းတွင်းတစ်တွင်း၌ တရားမဝင်တူးဖော်ရန် ကြိုးစားသည့် ဒေသတွင်းလယ်သမားအုပ်စုတစ်စုသည် ဖောက်ခွဲကိုင်တွယ်မှုဆိုင်ရာ မကျွမ်းကျင်မှုကြောင့်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်များက ဇန်နဝါရီ ၁၅ရက်တွင် ပြောကြားသည်။

အဆိုပါလယ်သမားအုပ်စုသည် ဇန်နဝါရီ ၁၃ ရက် ညနေက ဟေဘေးပြည်နယ် တန်စီရင်စုရှိ ကျောက်မီးသွေးတွင်းတစ်ခုအတွင်းသို့ သံအပူပေးနည်းလမ်း အသုံးပြု၍ ဖောက်ခွဲရန်ကြိုးပမ်းစဉ် ရုတ်တရက်ပေါက်ကွဲသွားခြင်း ဖြစ်ကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားသည်။ ပေါက်ကွဲမှုကြောင့် ခုနစ်ဦးသေဆုံးပြီး ဒဏ်ရာရသူများအား ဒဏ်ရာပြင်းထန်မှုကြောင့် ဆေးရုံတင်ပို့ထားရသည်ဟုဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ ဘာဘူယန်ကျွန်း၌ ငလျင်လှုပ်

ဖိလစ်ပိုင်နိုင်ငံ ဘာဘူယန်ကျွန်းတွင် ဇန်နဝါရီ ၁၅ရက် ပေကျင်းစံတော်ချိန် နံနက် ၀၀ နာရီ ၃၆ မိနစ်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခု လှုပ်သွားကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။ ယင်းငလျင်သည် မြောက်လတ္တီတွဒ် ၁၉ ဒသမ ၂၃၆၆ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၂၁ ဒသမ ၀၉၉၅ ဒီဂရီကြား မြေအောက် ၂၂ ဒသမ ၄၀ ကီလိုမီတာ အနက်၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်သည်။ *(အင်တာနက်)*

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လက်နက်ကိုင်ဆန့်ကျင်မှုများ ထာဝရချုပ်ငြိမ်းပပျောက်ရေး ဖော်ဆောင်နေ

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိ

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ပန်ဆောင်မြို့၌ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြချက်များဖြစ်သည့် နန်းယွန်းမြို့နယ်တွင် အသစ်ဖွင့်လှစ်ရန် လိုအပ်သည့်နေရာများ၌ မူလတန်းကျောင်းသစ်များဖွင့်လှစ်ပေးခြင်းရှိပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများအဆင့် တိုးမြှင့်ပေးခြင်း၊ လိုအပ်သည့် ကျောင်းများတွင် ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်ပေးခြင်း၊ ဆရာ၊ ဆရာမနေအိမ်ခန်းများရရှိရေး၊ ဆေးရုံဆေးပေးခန်းများတွင် ဆေးပဒေသာပင်များ စိုက်ထူပေးခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပံ့ပိုးဖြည့်ဆည်း

ဆက်လက်၍ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အခြေအနေများကို မျက်မြင်သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခင်က ဤနန်းယွန်းမြို့နယ်၏ အရေးကိစ္စအဝဝကို ခန္တီးခရိုင်က တာဝန်ယူဆောင်ရွက်ပေးခဲ့သော်လည်း ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လေရှီး၊

● **ရှေ့ဖုံးမှ**

ဒုတိယသမ္မတက ခန္တီးဆိပ်ကမ်းရေလမ်းကြောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများအဆက်အစပ်ရှိစေရန်နှင့် ထိထိရောက်ရောက်ဖြစ်စေရန်အတွက် ဒေသဆိုင်ရာအာဏာပိုင်နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ခန္တီး) သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသားလူငယ်များက ကြိုဆိုကြသည်။

ဒုတိယသမ္မတသည် သင်တန်းသားလူငယ်များနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး သင်တန်းသားအိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ သင်တန်းကျောင်းခန်းမဆောင်၌ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အိုင်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်တို့က သင်တန်းကျောင်း ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ဤကျောင်းများမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူလူငယ်များအား စစ်ကိုင်းတိုင်းဒေသကြီး ရွာသစ်ကြီးတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ပေါင်းကူးတက်ရောက်စေပြီး ပညာရေးဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ GTI အဆင့် အင်ဂျင်နီယာသင်တန်း၊ ယင်းမှ အဆင့်အရည်အချင်းမီပါက B. Tech နှင့် B.E ဘွဲ့များအထိ ဆက်လက်သင်ယူနိုင်စေရန် စီစဉ်ပေးထားပြီး ဘွဲ့၊ သင်တန်းများပြီးဆုံးပါကလည်း သက်ဆိုင်ရာဌာနများတွင် အလုပ်အကိုင်များ ရရှိရေးကိုပါ ဆက်လက်စီစဉ်ဆောင်ရွက်ပေးထားကြောင်း။

လေ့ကျင့်သင်ကြားပေး

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် ဒေသခံကျောင်းသားများအား သင်တန်းကျောင်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအောင်မြင်ရေးအတွက် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ သင်တန်းသားများကလည်း နိုင်ငံတော်အပေါ် သစ္စာရှိရှိဖြင့် တိုင်းရင်းသားများအကြား ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေးနှင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်၍ တာဝန်ထမ်းဆောင်နိုင်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ခန္တီးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့သို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် နန်းယွန်းမြို့အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အကြိုစစ်ဆေးခြင်း မေးခွန်းလွှာဖြေဆိုနေမှုတို့ကို ကြည့်ရှု၍ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နန်းယွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗန္ဓုလခန်းမ၌ ကျင်းပသော မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နန်းယွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က နန်းယွန်းမြို့နယ်၏ဒေသဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေး၊ စီမံခန့်ခွဲရေးနှင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု ဒေသ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး နန်းယွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစံကြူးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များကို စုစည်း၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ပေးခဲ့ပါကြောင်း၊ ထို့ပြင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်း၍ နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြပြီးနောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖြစ်သည့် လေရှီး၊ နန်းယွန်း၊ လဟယ်မြို့နယ်များ၏ တည်နေရာ နယ်နိမိတ်၊ အကျယ်အဝန်း၊ ရာသီဥတု၊ မြို့နယ်နှင့် မြို့နယ်ခွဲများ ဖွဲ့စည်းမှု၊ လူဦးရေနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် တင်ပြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ရှင်ဗွေယန်-နန်းယွန်း-ပန်ဆောင်လမ်းမပေါ်ရှိတံတားများ တည်ဆောက်ပေးနေမှု၊ လှေကားထစ် တောင်ယာဖော်ထုတ်နေမှု၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒေသလိုအပ်ချက်များကို တင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက နန်းယွန်းမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ရေးနှင့် တောင်ယာစပါးမျိုးကောင်းမျိုးသန့်များ ဖြည့်ဆည်းကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက နန်းယွန်း-ဒုံဟီး-လဟယ်လမ်း ၁၃၃ မိုင် ဖောက်လုပ်နေမှုနှင့် တံတားများတည်ဆောက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

လဟယ်နှင့် နန်းယွန်းမြို့နယ်များကို နာဂကိုယ်[...]
ဒေသဦးစီးအဖွဲ့က တာဝန်ယူလျက်ရှိကြောင်း၊ [...]
တိုင်းရင်းသားများဖြစ်သည်နှင့်အညီ ဒေသ၏အ[...]
လိုအပ်ချက်များကို ယခင်ကထက် ပိုမိုအနီးကပ်[...]

ဤဒေသ၏ မြေယာအသုံးချမှုကို လေ့လာ[...]
ကျော်ရှိကြောင်း၊ ဒေသဝမ်းစာဖူလုံရေးအတွက် [...]
ပန်းတိုင် အထွက်နှုန်းများရရှိအောင် မျိုးကောင်း[...]
တွင်း လူဦးရေများပြားမှုမရှိသဖြင့် ဝမ်းစာဖူလုံ[...]

ဒေသ၏ ပညာရေး၊ ကျန်းမာရေး အဆင့်မြ[...]
ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ [...]
ခိုင်ခိုင်မာမာဖြစ်ထွန်းရေးအတွက် စေတနာထား[...]

ဒေသလမ်းပန်းဆက်သွယ်ရေးကောင်းမွန်[...]
ရှင်ဗွေယန်-နန်းယွန်း-ပန်ဆောင်လမ်း၊ နော[...]
ထည့်သွင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြော[...]

နာဂဒေသ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို [...]
ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်း၍ သက်ဆိုင်[...]

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး နန်းယွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗန္ဓုလခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ပန်ဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လဟယ်နှင့် နန်းယွန်းမြို့နယ်များကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်ဖွဲ့စည်းခဲ့ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က တာဝန်ယူလျက်ရှိကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအနေဖြင့် ဒေသခံတိုင်းရင်းသားများဖြစ်သည်နှင့်အညီ ဒေသ၏အခြေအနေမှန်များကို သိမြင်ကြသူများဖြစ်၍ သက်ဆိုင်ရာဒေသ၏ လိုအပ်ချက်များကို ယခင်ကထက် ပိုမိုအနီးကပ်ဆောင်ရွက်ပေးနိုင်ကြပြီဖြစ်ကြောင်း။

ဤဒေသ၏ မြေယာအသုံးချမှုကို လေ့လာကြည့်ပါက လယ်မြေဧက (၅၀၀၀) ကျော်နှင့် ယာမြေဧက (၁၀၀၀၀) ကျော်ရှိကြောင်း၊ ဒေသဝမ်းစာဖူလုံရေးအတွက် တစ်ဖက်က စိုက်ဧကတိုးချဲ့ရင်း တစ်ဖက်က ရှိပြီးလယ်မြေများတွင် ပန်းတိုင် အထွက်နှုန်းများရရှိအောင် မျိုးကောင်းမျိုးသန့်ပြောင်းလဲ၍ လိုအပ်သည့် သွင်းအားစုများပံ့ပိုးပါက ဒေသတွင်း လူဦးရေများပြားမှုမရှိသဖြင့် ဝမ်းစာဖူလုံရုံမျှမက ပိုလျှံမှုရရှိလာမည်ဖြစ်ပါကြောင်း။

ဒေသ၏ ပညာရေး၊ ကျန်းမာရေး အဆင့်မြင့်တိုးတက်လာရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီပေးမှုများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ထမ်းများကလည်း ဤဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများ ခိုင်ခိုင်မာမာဖြစ်ထွန်းရေးအတွက် စေတနာထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ဒေသလမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် နန်းယွန်း-ဒုံဟီးလမ်းကို နွေမိုးဆောင်းသွားလာနိုင်ရေး၊ ရှင်ဗွေယန်-နန်းယွန်း-ပန်ဆောင်လမ်း၊ နောင်ယန်းအင်းပတ်လမ်းဖောက်လုပ်ရေးတို့ကို နှစ်စဉ်စီမံကိန်းများတွင် ထည့်သွင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နာဂဒေသ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်တိုးမြှင့် ဆောင်ရွက်ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာများ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်း၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပူးပေါင်းပြီး ကွင်းဆင်းလေ့လာဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

...န်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ...ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာပြီးနောက် ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် ကိုယ်စားလှယ်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာသုံးရပ်ကို ခွဲဝေဆောင်ရွက်နေမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လက်နက်ကိုင်ဆန့်ကျင်မှုများ ထာဝရချုပ်ငြိမ်းပပျောက်ရေးအတွက် ဆောင်ရွက်နေမှု၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် နိုင်ငံတကာအဆင့် ဖြစ်ထွန်းလာစေရေးအတွက် လိုအပ်သော ပြုပြင်မှု၊ ပံ့ပိုးမှုပေးနေမှု အခြေအနေများနှင့် နိုင်ငံတော်၏ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

လက်ခံ

ယင်းနောက် နန်းယွန်းမြို့နယ် ဒေသခံပြည်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ကျောင်းဝတ်စုံများကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဘုန်းဆွေက အန္တေးထည် အဝတ်အထည်များ၊ စောင်များနှင့်ဆိုလာမီးအိမ်များကို လည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံသည်။

တွေ့ဆုံပွဲ၌ နန်းယွန်းမြို့နယ် လှေကားထစ်လယ်ယာဖော်ထုတ်ရေးနှင့် ရေမြောင်းသွယ်တန်းရန် လိုအပ်သော ရန်ပုံငွေနှင့် နန်းယွန်းမြို့နယ် ဆေးရုံအတွက် ဆေးပဒေသာပင်အား ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နန်းယွန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပန်ဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားကာ လိုအပ်ချက်များကို မေးမြန်းသည်။

ဒုတိယသမ္မတသည် ဆောက်လုပ်ဆဲကျောင်းဆောင်သစ်ပြီးစီးရေး၊ ဆရာ၊ ဆရာမ နေအိမ်များဆောက်လုပ်ရေး၊ Multi Media Classroom ဖွင့်လှစ်ရေးနှင့် ကျောင်း၏လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်တိုးတက်လာအောင် မိဘ၊ ဆရာနှင့် ကျောင်းသားများ ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ပန်ဆောင်မြို့အတွင်း ဈေးဆိုင်ဖွင့်လှစ်ရောင်းချနေသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပန်ဆောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး နောင်ယန်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများအား ဒေသအခြေအနေများကို မေးမြန်းပြီးနောက် အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့သည် ပန်ဆောင်သို့ မလာမီ နန်းယွန်းမြို့သို့ ဝင်ရောက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးမှုကို လေ့လာကြည့်ရှုရင်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

ယခု ပန်ဆောင်ကျောင်းတွင်လည်း အဆောက်အအုံပိုင်း၊ သင်ကြားမှုပိုင်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ပန်ဆောင်မြို့နယ်ခွဲ အပါအဝင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုလုံး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် လိုအပ်ချက်များကိုလည်း ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပါကြောင်း။

စနစ်တကျ

အထူးသဖြင့် နာဂဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်မည့်ဖောင်ဒေးရှင်းရန်ပုံငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ မိမိနှင့်အတူပါလာသည့် လုပ်ငန်းရှင်များ ပူးပေါင်း၍ ထူထောင်ပေးရန်ရှိပါကြောင်း၊ ဤလုပ်ငန်းများကိုလည်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ဦးစီး၍ ဒေသခံရပ်မိရပ်ဖများက တာဝန်ယူကြီးကြပ်ရန် လိုအပ်သည်များကို စနစ်တကျ ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ယနေ့နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဖွဲ့စည်းထူထောင်ခဲ့ပြီး နာဂတိုင်းရင်းသားများ ကိုယ်စားလှယ်များကိုယ်တိုင် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို အနီးကပ်ဦးဆောင်ဦးရွက်ပြုနေကြပြီ ဖြစ်ပါကြောင်း။

မှာကြား

ထို့ကြောင့် ဒေသနေတိုင်းရင်းသားများအနေဖြင့် မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဦးဆောင်မှုဖြင့် တက်တက်ကြွကြွ ဆောင်ရွက်ကြရေး မှာကြားသည်။

ဒုတိယသမ္မတသည် ပန်ဆောင်မြို့ရေရရှိရေးလုပ်ငန်းအတွက် လိုအပ်သောရန်ပုံငွေ၊ တိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင်ရန်ပုံငွေတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆောက်လုပ်ဆဲနှစ်ထပ်ကျောင်းဆောင်အတွက် ရန်ပုံငွေ၊ ကျောင်းဆရာ၊ ဆရာမများနေထိုင်ရန် လိုအပ်သောဝန်ထမ်းအိမ်ရာများ တည်ဆောက်ရေးတို့အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အတူလိုက်ပါလာသော လုပ်ငန်းရှင်များနှင့် ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးနှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က အဝတ်အထည်နှင့်လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်စွဲမီးစက်တို့ကိုလည်းကောင်း ဒေသခံပြည်သူများအတွက် ပေးအပ်လှူဒါန်းကြရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖ တိုင်းရင်းသားများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ပန်ဆောင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ခန္တီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ပန်ဆောင်မြို့ရှိ ဒေသခံပြည်သူများအတွက် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ဝင်း နန်းယွန်းမြို့နယ် ဒေသခံ ပြည်သူများအတွက် DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၅

မင်းတပ်မြို့နယ် ကြိုနာမ်ကျေးရွာ၌ စာကြည့်တိုက်ဆောက်ရန် ပန္နက်တင်

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက ငွေကျပ် ၁၀ သိန်းမတည်၍ ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် အလျား ၂၄ ပေ၊ အနံ ၁၅ ပေ၊ ဝရန်တာ ခြောက်ပေရှိ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်က မင်းတပ်မြို့နယ် ကြိုနာမ်ကျေးရွာ ရှိမှီအလင်းစာကြည့်တိုက်မြေနေရာ၌ ကျင်းပသည်။

ပန္နက်ရိုက်

ပန္နက်တင်ပွဲတွင် မင်းတပ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလိန်းကီး၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်လုံ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရဲမောင်၊ ရပ်မိရပ်ဖ ဦးဘွေထန်းတို့က စာကြည့်တိုက်ကိုပန္နက်ရိုက်ပေးကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

လမင်းတစ်ရာစာကြည့်တိုက် သုံးခွ၌ဖွင့်

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သရောတောကျေးရွာအုပ်စု လမင်းတစ်ရာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ရက် နံနက် ၈နာရီက စာကြည့်တိုက်ရှေ့၌ ကျင်းပရာ သုံးခွမြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေး၊ သရောတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ဆက်လက်၍ လှူဒါန်းပွဲကျင်းပရာ သုံးခွမြို့နယ် အုပ်ချုပ်ရေးမှူးဦးကျော်သောင်းက စာအုပ်စာစောင် ၁၅၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက စာအုပ် စာစောင် ၁၅၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရေဒီယိုတစ်လုံး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညိုက စာအုပ်စာစောင် ၁၀၀၊ စာကြည့်တိုက်မြေအလှူရှင် ဦးစိန်လှမောင်-ဒေါ်သန်းသန်းဆင့်တို့က အလျားပေ၆၀၊ အနံ ၂၅ပေရှိ မြေကွက်တစ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်- ဒေါ်သန်းသန်းဆင့် မိသားစုတစ်စုက ငွေကျပ် တစ်သိန်းခြောက်သောင်းနှင့် မြန်မာ့အလင်းသတင်းစာ ငါးနှစ်စာတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆောက်လုပ်

အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ် ၁၀သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် တစ်ဆယ့်သုံးသိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျားပေ ၂၀၊ အနံပေ ၂၀၊ အမြင့် ၁၃ပေ၊ အုတ်ညှပ်၊ သွပ်မိုး၊ သမံတလင်းခင်းနှင့် တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ရွှေပင်ဆင့်စာကြည့်တိုက် စကု၌ဖွင့်

မင်းဘူး(စကု)မြို့နယ် ရွှေတပင်ကျေးရွာ ရွှေပင်ဆင့်စာကြည့်တိုက်ကို ဇန်နဝါရီ ၃ရက် နံနက် ၈နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းသူဇာမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မြတ်မွန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပုံစံအသစ်ဖြင့် ပြောင်းလဲထုတ်ဝေလိုက်သည့် TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၅

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင်အတွဲ(၃)၊ အမှတ် (၂) ကိုဇန်နဝါရီ ၁၄ ရက် (စနေနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်တွင် (၆၉)ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲ ဆောင်းပါး၊ စွယ်စုံရအနုပညာရှင် ထပ်ဆင့်အကယ်ဒမီဝင်းဦး ကွယ်လွန်ခြင်း (၂၃)နှစ်ပြည့် အမှတ်တရ လွမ်းမပြေဘူး ကိုဝင်းဦး Cover Story ၊ Intellectual Talk အစီအစဉ်မှ ရွေးကောက်ပွဲ ဒီမိုကရေစီမှ လစ်ဘရယ်ဒီမိုကရေစီသို့ စသည့် အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door to Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆၊ Market Care ဖုန်း-၀၁-၂၂၃၉၇၃၊ ၀၉-၇၃၀၇၃၀၂၉ တို့သို့ မှာယူနိုင်သည်ဟု သိရသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က (၅၄)ရပ်ကွက် သားဖွားခန်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်က ဆုရကလေး ၁၉ ဦးနှင့် သားကောင်းမိခင်တစ်ဦးအား ဂုဏ်ပြုလက်ဆောင်ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ဇန်နဝါရီ ၉ ရက်က မြောင်းမြမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသည့် မူကြိုကျောင်းရှိ ကလေးငယ်များအား ငွေ၊ အဝတ်အထည်၊ အရုပ်နှင့်အစားအစာများ ထောက်ပံ့ပေးအပ်စဉ်။ (မြန်မာ့အလင်း)

လွတ်လပ်ရေးနေ့အခမ်းအနား လပွတ္တာမြို့နယ်၌ ကျင်းပ

လပွတ္တာ ဇန်နဝါရီ ၁၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲများကို လပွတ္တာမြို့၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က ဖတ်ကြားသည်။ ဆက်လက်၍အားကစားပြိုင်ပွဲများ ကျင်းပပြီး မီနီမာရသွန်ပြေးပွဲတွင် ပထမရရှိသည့် အားကစားသမားအား ဆုငွေကျပ်တစ်သိန်း ချီးမြှင့်သည်။ ထို့နောက်လွတ်လပ်ရေးမယ်နှင့်(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲ၌ လပွတ္တာမြို့နယ်မှ ရွှေတံဆိပ်ဆုရရှိသော မသီသီသန့်နှင့် မြန်မာ့ရွက်လှေလက်ရွေးစင် မောင်ကောင်းထက်မြက်တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ထို့နောက် တာဝန်ရှိသူများက အားကစားပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

မှုခင်းသတင်း ၁၅-၁-၂၀၁၂

ဆိုင်ကယ်လုယက်သူများအား ဖော်ထုတ်ဖမ်းဆီး

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နေ ကိုမြင့်ခိုင်သည် တစ်ရွာတည်းနေ ရည်းစားဖြစ်သူနှင့်အတူ ဆိုင်ကယ်တစ်စီးဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် ည ၇ နာရီခွဲတွင် ဘုရားကုန်းကျေးရွာ ကျိုက်ခေါက်ဘုရားအနောက်ဘက် ကွန်ကရစ်လမ်းအုတ်ခုံ၌ထိုင်၍ စကားပြောနေစဉ် အမည်မသိလူငယ်သုံးဦးက ဆိုင်ကယ်ဖြင့် ရောက်လာပြီး ဆိုင်ကယ်ကို မောင်းနှင်ထွက်ပြေးသွားကြသဖြင့် ကိုမြင့်ခိုင်က တိုင်တန်းခဲ့ရာ သန်လျင်ရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

အမှုနှင့်စပ်လျဉ်း၍ ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ဝင်များနှင့် သန်လျင်ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရာနေရာနှင့် အနည်းငယ် အလှမ်းကွာဝေးသည့် နေရာတို့၌ သမီးရည်းစားအသွင်ဆောင်၍ လှေ့လာစုံစမ်းခဲ့ရာ ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက လုယူခံရသည့် ဆိုင်ကယ်နှင့်အတူ လူငယ်သုံးဦးအား ဘုရားကုန်းကျေးရွာ၌ တွေ့ရှိခဲ့သည်။ ၎င်းတို့က ဆိုင်ကယ်ကိုပစ်ပြီး ထွက်ပြေးသွားသဖြင့် ဆိုင်ကယ်ကို သိမ်းဆည်းနိုင်ခဲ့သည်။

ဆက်လက်၍ စုံစမ်းရှာဖွေရာ ဆိုင်ကယ်လုယက်ထွက်ပြေးသွားသူများ ဖြစ်ကြသည့် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာနေ ပိုင်ပိုင်(ခ)ပိုင်မြတ်ဟိန်းထက်အောင် (၁၈)နှစ်၊ သန်းဇော်လင်း (၁၈)နှစ်နှင့် ချမ်းမြေ့ (ခ)ချမ်းမြေ့နိုင် (၁၈)နှစ်တို့အား ယင်းနေ့ညနေပိုင်းတွင် ၎င်းတို့၏ နေအိမ်နှင့် ဈေးတို့တွင် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖော်ပြပါ မှုခင်းဖြစ်စဉ်ကို ထောက်ရှု၍ လူငယ်လူရွယ်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ ချစ်သူစုံတွဲများသည် ညအချိန် လူသူသွားလာမှုကင်းသည့်နေရာများတွင် တွေ့ဆုံခြင်းမျိုးကို ရှောင်ရှားသင့်ကြောင်း၊ မှုခင်းကြီးငယ်ဖြစ်ပွားပါက လူမှုရေးဆိုင်ရာ ပြဿနာပေါင်းများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်ကြောင်း စသည့်သင်ခန်းစာများကို ယူတတ်ကြစေရန် ရေးသားတင်ပြလိုက်ရပါသည်။ **ရီရီမြင့်(သတင်းစဉ်)**

ရဲတပ်ဖွဲ့ဝင်အယောင်ဆောင်ပြီး ငွေတောင်းခံသူကိုဖမ်းဆီး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကသာခရိုင်ရဲတပ်ဖွဲ့မှ ရဲအရာရှိဟု လိမ်လည် အယောင်ဆောင်၍ စာရွက်စာတမ်း အတုများနှင့်အတူ အလှူငွေတောင်းခံနေသော အောင်သာယာမြို့သစ် (ဘဘ) ရပ်ကွက်နေ သန်းထွန်းအောင်(ဘ) ဦးတင်အောင်နှင့် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေ မောင်မောင်နိုင်(ဘ) ဦးပြုံးတို့အား ပင်လည်ဘူးမြို့နယ် ရဲတပ်ဖွဲ့ဝင် စခန်းမှူးဝင်းနိုင်နှင့်အဖွဲ့က ဒီဇင်ဘာ ၁၃ ရက် ညနေ ၅ နာရီခွဲတွင် ပင်းကြိုင်းကျေးရွာ၌ဝင်ရောက်ဖမ်းဆီး၍ ဥပဒေအရအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်အထိပို၍ခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကြို့ပင်ကောက်၌ မီးဘေးကြိုတင်ကာကွယ်

ကြို့ပင်ကောက် ဇန်နဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မြန်မာ့သစ်လုပ်ငန်း အမှတ် (၉၂) သစ်စက်တွင် ဇန်နဝါရီ ၁၁ ရက်က ပြည်တွင်း(ရောင်း/စက်)ပြည်ဒေသ မန်နေဂျာ ဦးတင်ဝင်း ဦးဆောင်၍ စက်ရုံမှူး ဦးစိုးပိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်စွာဖြူဝင်းတို့က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ စက်ရုံမီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံဝန်ထမ်းများ ပူးပေါင်းပြီး စက်ရုံအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ယာဉ်ဖြင့် လက်တွေ့ရေဖျန်းပက်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးချိတ်၊ မီးကပ်သုံးစွဲနည်းများကို သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရှိရသည်။ (၁၁၁)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အရင်းမပျောက် မတည်ရန်ပုံငွေ ကျပ်သိန်း ၁၂၀၀ ထူထောင်ပေး

ရန်ပုံငွေရေရှည်တည်တံ့၍ ဒေသအတွက် ထိရောက်စွာ အကျိုးပြုနိုင်စေရေး စည်းကမ်းများနှင့်အညီဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းတွင် ခန္တီးမြို့ ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် အလျှုရှင်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❐

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ခန္တီးမြို့ ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ နာဂရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

၂၀၁၂ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၅

၂၀၁၂ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော် သဘာပတိအဖြစ် လေရှီးမြို့နယ်မှ ဒေသခံနာဂတိုင်းရင်းသား ဦးဘချိုက ဆောင်ရွက်ပြီး ရိုးရာအစဉ်အလာမပျက် အစီအစဉ်များဖြင့် ကျင်းပရာ နာဂဒေသမှ ရိုးရာယဉ်ကျေးမှုကိုယ်စားလှယ်များ၊ ရိုးရာအကအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ကမ္ဘာလှည့်ခရီးသည်များ ပါဝင်ဆင်နွှဲကြသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်နှင့်အတူ အားကစားပြိုင်ပွဲများ၊ ရိုးရာအက ဖျော်ဖြေပွဲများနှင့် ရိုးရာပွဲတော်အမှတ်တရ ကံစမ်းမဲဖောက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ

မြဝတီကုန်သွယ်ရေးဇုန် ကုန်သွယ်မှုမြင့်တက်လာ စာ-၄

ပြည်ပဆန်တင်ပို့မှု ယခုနှစ်ဆန်းပိုင်း ပြန်လည်ကောင်းမွန်လာ စာ-၄

နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် ဂြိုဟ်တုအပိုင်းအစ တိုက်လုနီးပါးဖြစ်ခဲ့ စာ-၇

ညအပူချိန်များ လျော့နည်းနေမည်

နေပြည်တော် ဇန်နဝါရီ ၁၅

ယနေ့နံနက် ၆ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံဘက်မှ လေအေးများ မြန်မာနိုင်ငံပေါ်သို့ တိုးဝင်လာမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ညအပူချိန်များ လျော့နည်းခဲ့ပြီး သိသိသာသာ အအေးပိုနေခဲ့သည်။

မိုးလေဝသအခြေအနေခန့်မှန်းချက်များအရ ယနေ့နံနက်မှ နောက်သုံးရက်အတွင်း တစ်ပြည်လုံးတွင် မိုးရွာသွန်းမှုလျော့နည်းပြီး ဆက်လက်အအေးပိုနေနိုင်ကြောင်း ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **အဏ္ဏဝါဗေဒ** ခင်ရတနာ - ဘာသာပြန်သည်

လူမျက်နှာနှင့်တူသောငါး အမေရိကန်၌ ဖမ်းမိခဲ့

ကယ်ရိုလိုင်းနား ဇန်နဝါရီ ၁၅

အမေရိကန်နိုင်ငံ၌ လူမျက်နှာနှင့်သဏ္ဍာန်တူသည့် ငါးမျိုးစိတ်**(ယားပုံ)**တစ်ကောင်ကို တွေ့ရှိခဲ့သည်ဟု အမေရိကန်အခြေစိုက် သတင်းဌာနတစ်ခုက ဇန်နဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ငါးငယ်ကို အမေရိကန်နိုင်ငံ Hartsville South Carolina ရှိ ရေကန်တစ်ခုအနီး မြေးအဘိုးနှစ်ဦး အပန်းဖြေရင်း ငါးများကြစဉ် ဖမ်းမိခဲ့ခြင်းဖြစ်ပြီး အဆိုပါငါး၏ မျက်နှာမှာ လူသားတစ်ဦးကဲ့သို့ပင် နှာခေါင်း၊ ပါးစပ်နှင့် သွားများအပြင် လူမျက်နှာနှင့် ဆင်တူနေသည့်အတွက် သားရိုးတိရစ္ဆာန်နှင့် အဏ္ဏဝါဗေဒပညာဆိုင်ရာ *စာမျက်နှာ ၃ ကော်လံ ၁* ✱

16-1 (20).pmd 1 1/16/2012, 3:09 AM